# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၈၇)၊ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်၊ ၁၃-၆-၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည်

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်(State Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် တရုတ်သမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။ ထို့အပြင် စီးပွားရေးကွန်ဖရင့်သို့ တက်ရောက်ရန်ရှိပြီး အဆင့်မြင့်နည်းပညာသုံး စက်မှုလုပ်ငန်းများသို့ သွားရောက်လေ့လာသွားမည်ဖြစ်ပါသည်။ ခရီးစဉ်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်သမ္မတ
ဦးမင်းအောင်လှိုင်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ
မစ္စတာရှီကျင့်ဖျင်

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ခံဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး လာအိုပြည်သူ့

စာမျက်နှာ ၃ သို့ ○


နိုင်ငံတော်ပိုင် မြန်မာ့ဆေးဝါးလုပ်ငန်းရှိ ဆေးဝါးစက်ရုံများမှ အသုံးပြုလျက်ရှိသော ဆေးဝါးကုန်ကြမ်း ၃၆၅ မျိုးအား ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

ပြည်သူ့လွှတ်တော် စာမျက်နှာ ၅

အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာ

အမျိုးသားလွှတ်တော် စာမျက်နှာ ၇

တောင်ကိုရီးယားအသင်းက ချက်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

စာမျက်နှာ ၁၁

အနှစ်လေးဆယ်မှသည် ရွှေရတုဆီသို့ (ဆောင်းပါး)

စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၂

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**လာမည့်စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဇွန် ၁၃ ရက်၊ စနေနေ့။
မန္တလေး

## တန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံလူဦးရေ၏ ၆၉ ရာခိုင်နှုန်းကျော် မှီတင်းနေထိုင်ရာ ကျေးလက်ဒေသများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်ရဲ့ စီးပွားရေးကို မြှင့်တင်ရာမှာ တစ်ဦးတစ်ယောက်တည်းထက် ပြည်သူလူထု၏ စုပေါင်းစွမ်းအားဖြင့် အကောင်အထည်ဖော်နိုင်မည့် သမဝါယမစနစ် အစုအဖွဲ့စနစ်များကို ဇဟိုပြုဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားပြီးဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း မြို့ပြနှင့်ကျေးလက်ကွာဟမှုကို လျှော့ချပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ အဆင့်အတန်းမြင့်မားလာစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ကျေးလက်လူမှုစီးပွားဘဝကို မြှင့်တင်ရာမှာခိုင်မာသည့် စီးပွားရေးအခြေခံအဆောက်အအုံတွေရှိဖို့လိုအပ်ကြောင်း၊ ဒါ့အပြင် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးနှင့် ပြည်တွင်းထုတ်လုပ်မှု စွမ်းအားမြင့်မားလာစေရေးအတွက် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းထုတ်ကုန်လုပ်ငန်းများကိုပါ အားပေးမြှင့်တင်သွားကြရမှာဖြစ်ကြောင်း ဇွန် ၁၀ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၃၆-ဘီ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်စေရေးအတွက် သမဝါယမစနစ်ကိုမဏ္ဍိုင်ပြုပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအချင်းချင်းချိတ်ဆက်ကာ လုပ်ငန်းများ ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမှာဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း၊ ပြည်သူကိုယ်တိုင်စီမံခန့်ခွဲသော စီမံကိန်းများဖြစ်စေရေးစည်းရုံးဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် မြို့ပြနှင့်ကျေးရွာများအားလုံး Green, Clean, Smart ဖြစ်စေရေး ကျေးရွာအခြေခံ အဆောက်အအုံလုပ်ငန်းများ၊ ကျေးရွာစိမ်းလန်းစိုပြည်ရေး၊ ကျေးရွာသန့်ရှင်းသာယာလှပရေး၊ ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ကောင်းမွန်ရေး၊ စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများဖြစ်ပေါ်လာစေရေး စည်းရုံးဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အခြေခံအဆောက်အအုံများ တိုးတက်လာသည်နှင့်အမျှ ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးနှင့် နေ့စဉ်လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးဟာလည်း အခြေခံကျတဲ့ လိုအပ်ချက်ဖြစ်ပါကြောင်း၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သန့်ရှင်းသော သောက်သုံးရေမှသည် လုံလောက်သောသုံးရေ ရရှိသည်အထိ သက်ဆိုင်သူအားလုံးနဲ့ပူးပေါင်းပြီး စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ဒါ့အပြင် ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုပတ်ဝန်းကျင်ဖြစ်ပေါ်စေရေးအတွက် ရေရရှိရေးသာမက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဟာလည်း အရေးကြီးပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ကြရန်လည်းလိုအပ်ကြောင်း၊ ကျေးလက်စီးပွားရေး ပိုမိုမြင့်မားလာစေရေး ကုန်ထုတ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးချဲ့ဆောင်ရွက်ကြဖို့လိုအပ်မှာဖြစ်ကြောင်း ပြောကြားသည်။

မိရိုးဖလာလုပ်ငန်းများမှ ခွဲထွက်ပြီး ဒေသထွက်ကုန်များကို အခြေခံ၍ စီးပွားရေးအရ အမှန်တကယ်တွက်ခြေကိုက်မည့် ကုန်ထုတ်လုပ်ငန်းများကို မှန်မှန်ကန်ကန် ရွေးချယ်ဆောင်ရွက်ကြရန် အရေးကြီးသည်။ ကုန်ကြမ်းအတိုင်း ထုတ်လုပ်ရောင်းချခြင်းထက် ဈေးကွက်ဝင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကို အဓိကထား အားပေးကူညီသွားကြရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်အောင် ကျေးလက်နေပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ အခမဲ့ထောက်ပံ့

**မန္တလေး ဇွန် ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း (၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ အခမဲ့ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန (မနော်ရမ္မ)တွင် ပြုလုပ်ခဲ့သည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှထွက်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများကို ပျိုးထောင်ထားကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ချဉ်ပေါင်ရွက်အစည်း ၂၀၀၊ ခရမ်းသီး ၁၂၅ ထုပ်၊ ကန်စွန်းရွက်အစည်း ၂၇၀၊ ဘူးညွန့်အစည်း ၁၀၀၊ ဖရုံညွန့်အစည်း၁၀၀၊ ငရုတ်သီးစိမ်း ၂၆ ထုပ်၊ ဘူးသီး ၅၃ လုံး၊ ကင်ပွန်းချဉ် ၁၅ စည်းတို့ကို သန့်ရှင်းရေးဌာန၊ မဟာအောင်မြေမြို့နယ်ရုံး၊ ချမ်းမြသာစည်မြို့နယ်ရုံးတို့မှ ဝန်ထမ်းများနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဝန်ထမ်းများအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာဌာနတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

## တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်ဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇွန် ၁၂**

ရက်(၁၀၀)ကာလအတွင်း ဆောင်ရွက်ချက်အနေဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၊ စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၆)၊ မဟာဗျူဟာအစီအစဉ်(၅.၃.၁)အရ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အား နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် ရည်ရွယ်၍ တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်နှင့် စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ဇွန် ၁၂ ရက်၊ နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပညာရေးဒီဂရီကောလိပ် ပညာတန်ဆောင်ခန်းမတွင် ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်တင်သန်းနှင့် တရားရေးအရာရှိများ၊ မန္တလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ဝင်းသိင်္ဂီကျော်၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၁၀၂၀ ဦး တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မုဒိတာက "စေ့စပ်ဖြေရှင်းရေးစနစ်မိတ်ဆက်တင်ပြခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စေ့စပ်ဖြေရှင်းရေးဌာနတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စုနန္ဒာစိုးက "တရားရုံးကဦးဆောင်သော စေ့စပ်ဖြေရှင်းရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် Website တွင် လွှင့်တင်ထားသော "ချစ်စကို ရှည်စေ "ပညာပေးရုပ်သံဇာတ်လမ်းတို Video Clip ပြသခြင်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်တင်သန်းက "စေ့စပ်ဖြေရှင်းရေးစနစ်နှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးရှင်းလင်းဟောပြောကြရာ တက်ရောက်လာကြသော မန္တလေးပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ဖြေဆိုခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ကြပြီးနောက် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်မှ မန္တလေးပညာရေးဒီဂရီကောလိပ်၊ စာကြည့်တိုက်အတွက် ဥပဒေဗဟုသုတစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)



နောင်ချိုမြို့၊ ဈေးရပ်ကွက်အတွင်းရှိ လမ်းသွယ်(၇၊၈၊၉)တွင် ရေဝပ်နေသောနေရာများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းတူးဖော်နေမှုအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးစဉ်။

(ဝ၄ဝ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ နိုင်ငံတော်သမ္မတမှ

ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည် ဖြစ်ပါသည်။

သတင်းစဉ်

○ ရှေ့ဖုံးမှ

ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးနားချင်းနိုင်ငံများမှ အထူးကိုယ်စားလှယ်များနှင့် နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ယခုကဲ့သို့ တရားဝင်ခရီးစဉ်များ လာရောက်တွေ့ဆုံခြင်းသည်လည်း မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အခြေအနေများအပေါ်တွင် အပြည့်အဝနားလည်ပြီး မြန်မာနှင့် အာဆီယံဆက်ဆံရေး ပိုမိုကောင်းမွန်တိုးတက်အောင် ဆောင်ရွက်ရန် အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးလာရောက်ခြင်းဖြစ်သည်ဟု မိမိအနေဖြင့် နားလည်သဘောပေါက်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်သူများ၏ရွေးချယ်မှု၊ လွှတ်တော်စင်မြင့်တွင် စနစ်တကျ ရွေးကောက်တင်မြှောက်မှုများဖြင့် ဖြစ်ပေါ်လာသည့် ရွေးကောက်ခံအစိုးရတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံရေးအစိုးရအပေါ် ထောက်ခံမဲပေးခဲ့ကြသည့် ပြည်သူများ၏ဆန္ဒနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒအပေါ် မျက်ကွယ်မပြုကြရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စတင်တာဝန်ယူစဉ်ကတည်းကပင်ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပြီး ငါးနှစ်တာကာလအတွင်း ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပြောကြားလိုကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိမှသာလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မည်ကို ကောင်းစွာနားလည်လက်ခံထားကြောင်း။

မိမိ၏သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမှု အခမ်းအနားတွင် လာအိုနိုင်ငံမှ အထူးကိုယ်စားလှယ်အဖွဲ့ စေလွှတ်ပေးခဲ့မှုနှင့် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရမှုအပေါ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတက ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးနားချင်းကောင်း မိတ်ဆွေရင်းနိုင်ငံ၊ ယုံကြည်စိတ်ချရသည့် ညီအစ်ကိုနိုင်ငံများဖြစ်ကြကြောင်း၊ ထို့ကြောင့် အဆွေတော်၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရေးအတွက် များစွာ အထောက်အကူပြုသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယခုကဲ့သို့ အချိန်ပေး၍ ဂါရဝပြုတွေ့ဆုံခွင့်ပေးသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ဆက်ဆံရေးကို ပိုမိုအကျိုးသက်ရောက်မှုများရှိမည် ဖြစ်ပါကြောင်း၊ မိမိတို့သမ္မတကြီးအနေဖြင့် အဆွေတော်သမ္မတကြီးကို နှုတ်ခွန်းဆက်စကား ပါးလိုက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်ကြပြီး ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ တူညီကာ နှစ်ပေါင်း ၇၀ ကျော် ကာလရှည်ကြာသည့်တိုင်အောင် ချစ်ကြည်ရင်းနှီးကြသည့်နိုင်ငံများပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် အဆွေတော်အနေဖြင့် သမ္မတအဖြစ် ရွေးကောက်ခံရမှုအပေါ်တွင်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့လာအိုနိုင်ငံသမ္မတကြီးက အဆွေတော်သမ္မတကြီးအား လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့် ခရီးစဉ်လာရောက်နိုင်ရေးအတွက် ဖိတ်ကြားလွှာကိုလည်း လက်ရောက်ပေးအပ်လိုပါကြောင်းနှင့် အဆိုပါခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အာဆီယံနိုင်ငံများအကြား အချင်းချင်းဆက်ဆံမှုတို့ကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ ရွေးကောက်ခံအစိုးရ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုအပေါ် မားမားမတ်မတ် ရပ်တည်ထောက်ခံလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့ရမှုအပေါ်တွင်လည်း များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဆွေးနွေးပြောကြားသည်။

❖ နှစ်နိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

ယင်းနောက် နှစ်နိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံ့ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခဲ့မှု အခြေအနေများ၊ မြန်မာ-လာအို ချစ်ကြည်ရေးတံတားမှတစ်ဆင့် ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကိုသာမက ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဆက်ဆံမှုအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် အာဆီယံ ဘုံသဘောတူညီချက်(၅)ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် ရွေးကောက်ခံအစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများအပေါ် လာအိုနိုင်ငံအနေဖြင့် အပြည့်အဝနားလည်မှုရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွရင်ဆိုင်ကျော်လွှားပြီး အပြန်အလှန်ကူညီဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ တရားဝင်ခရီးစဉ် လာရောက်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE နှင့် ဇနီးတို့သည် ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက ပို့ဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




### ၁၂.၆.၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသောကမ္ဘာမြေကို စောင့်ရှောက်စို့။**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် လှူဒါန်းသည့်စာအုပ်များ လက်ခံ

နေပြည်တော် ဇွန် ၁၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦးက ပေးအပ်လှူဒါန်းသည့် ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေဆု (နိုင်ငံရေး) ဆုရစာအုပ်ဖြစ်သည့် စာရေးဆရာ သက်နိုင်ဦး (ကျည်ကာ) ကလောင်အမည်ဖြင့် ရေးသားထားသော "တစ်ကြောင်းတည်းသော မြန်မာနိုင်ငံထွက်ရပ်လမ်း မြေပုံကျမ်း" စာအုပ် ၄၅၀ ကို လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# မြန်မာနှင့် လာအို နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE နှင့် ဇနီးတို့သည် ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီးက လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့က မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ကာလကြာရှည်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရှိရင်းစွဲ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုယန္တရားများ ပြန်လည်စတင်နိုင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အွန်လိုင်းလိမ်လည်မှုများအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရချင်း၊ လွှတ်တော်ချင်းသာမက ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုတိုးမြှင့်ရေး၊ ပညာရေး၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ အလုပ်သမားနှင့် အားကစားကဏ္ဍအပါအဝင် နှစ်နိုင်ငံအပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မြန်မာနှင့် လာအိုနိုင်ငံတို့တွင် အစိုးရသစ်များ အသီးသီး စတင်တာဝန်ယူသည့် အချိန်ဖြစ်ကြောင်း၊ လာအိုနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အဆင့် (LDCs) မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုများ အောင်မြင်စေရန် ဆုတောင်းကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်ခြင်းဖြင့် မြန်မာနိုင်ငံအပေါ် ထောက်ခံမှုပြသသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနှင့် လာအိုတို့သည် အာဆီယံသို့ တစ်ချိန်တည်းအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည့်နိုင်ငံများဖြစ်သည်နှင့်အညီ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင် ထောက်ခံရပ်တည်သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုကြိုဆိုပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်သွားလိုကြောင်း၊ နယ်စပ်ဂိတ်များ အဆင့်မြှင့်တင်ခြင်းနှင့် နယ်စပ်ကုန်သွယ်မှုတိုးမြှင့်လိုကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအသင်းများမှတစ်ဆင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ အာဆီယံဆိုင်ရာကိစ္စရပ်များတွင် စည်းလုံးညီညွတ်မှုကိုအခြေခံ၍ မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအဆင့်နှင့် အာဆီယံ၊ GMS၊ CLMV နှင့် အခြားဒေသဆိုင်ရာအဆင့်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် Park Royal ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

သတင်းစဉ်

# ရေရှည်တည်တံ့သော စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးမည့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် - ၂၀၂၆ ကျင်းပ

မန္တလေး ဇွန် ၁၂

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် -၂၀၂၆ (Mandalay Investment Forum-2026)ကို ယနေ့တွင် မန္တလေးမြို့ ရတနာပုံခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC)နှင့် အိန္ဒိယ-မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီးတို့ ဆုံစည်းရာ မဟာဗျူဟာမြောက် ကုန်သွယ်မှုတံခါးပေါက် ဖြစ်ပြီး သယ်ယူပို့ဆောင်ရေး စနစ်များ အခိုင်အမာရှိသည့် ဒေသတွင်း ထောက်ပံ့ပို့ဆောင်ရေးဗဟိုချက် (Logistic Hub) တစ်ခုဖြစ်သောကြောင့် ရေရှည်တည်တံ့ပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ကြိုဆိုအားပေးပါကြောင်းနှင့် လုပ်ငန်းလည်ပတ်မှု လွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု



အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်နှင့် လက်ရှိ ရင်းနှီးမြှုပ်နှံမှု အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှု အလားအလာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းဖြစ်လာစေရန်တို့အတွက် ရည်ရွယ်၍လည်းကောင်း စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ (အပေါ်ပုံ) အစိုးရဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များက ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကိုတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ သတင်းစဉ်



# ကလေးငယ်များအတွက် ကျန်းမာရေးဗဟုသုတရရှိစေရန် ကလေးပျော်စင်တာဖွင့်လှစ်

မန္တလေး ဇွန် ၁၂

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ကလေးငယ်များအတွက် စိတ်ပိုင်းဆိုင်ရာအားပေးကူညီရန်၊ ကျန်းမာရေးဗဟုသုတများ ပိုမိုရရှိနိုင်ရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ မီးသွေးတိုက်ကျေးရွာအုပ်စု၊ မီးသွေးတိုက်ကျေးရွာရှိ အိမ်ထောင်စုများမှ ကလေးငယ်များအတွက် ကလေးပျော်စင်တာကို ဇွန် ၁၀ ရက်က ဖွင့်လှစ်ခဲ့ရာ ကြက်ခြေနီစေတနာ လုပ်အားရှင်များ၊ ကြက်ခြေနီဝန်ထမ်းများက ကလေးပျော်စင်တာတွင် ကလေးငယ် ၄၃ ဦးနှင့်အတူ တစ်ကိုယ်ရေသန့်ရှင်းမှု အသိပညာများ ရရှိစေမည့် ကစားနည်းမျိုးစုံကို ပျော်ရွှင်စွာ ကစားခဲ့ကြသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းနှင့် ဖာရိုကျွန်းစုနိုင်ငံ ကြက်ခြေနီအသင်းတို့၏ ကူညီပံ့ပိုးမှုဖြင့် ကလေးပျော်စင်တာများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၅)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

## နိုင်ငံတော်ပိုင် မြန်မာ့ဆေးဝါးလုပ်ငန်းရှိ ဆေးဝါးစက်ရုံများမှ အသုံးပြုလျက်ရှိသော ဆေးဝါးကုန်ကြမ်း ၃၆၅ မျိုးအား ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၈ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၁၅ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ကမာရွတ်မဲဆန္ဒနယ်မှ ဦးကိုကိုသင်း၏ **အခြေခံလူထုစားသောက်ကုန်နှင့် ဆေးဝါးများအပေါ် သွင်းကုန်အခွန်လျှော့ချပေးရန်နှင့် ဒေသတွင်းကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ထိရောက်သောမူဝါဒမျိုးချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ဒေသကုန်ထုတ်လုပ်သူများကို မည်သို့ထိရောက်သည့်မူဝါဒများနှင့် ပံ့ပိုးသွားမည်ကိုသိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုး၊ အသား၊ ငါး၊ ဥအမျိုးမျိုး စသည့်အခြေခံစားသောက်ကုန်များ၊ အိမ်သုံးဆေးဝါး၊ လူသုံးဆေးဝါး၊ တိုင်းရင်းဆေးဝါး စသည့် ဆေးဝါးအမျိုးမျိုးအပါအဝင် ပြည်သူလူထုအတွက် အခြေခံလိုအပ်သည့် ကုန်စည် Essential Goods ၄၆ အုပ်စုနှင့် ကျန်းမာရေး၊ ပညာရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေး စသည့်အခြေခံဝန်ဆောင်မှု Essential Supplies ၃၄ အုပ်စုတို့ကို ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုထားပါကြောင်း။

အခြေခံအိမ်သုံးဆေးဝါးများအား အခွန်ကင်းလွတ်ခွင့် သတ်မှတ်ပြဋ္ဌာန်းထားပြီး အဆိုပါဆေးဝါးများမှအပ ကျန်ဆေးဝါးများအား အကောက်ခွန်နှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် သတ်မှတ်ကောက်ခံလျက်ရှိပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစားများတွင် ပြည်တွင်းဆေးဝါးထုတ်လုပ်မှုတိုးတက်ဖွံ့ဖြိုးစေရန်နှင့် ဆေးဝါးထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်ပြီး ဆေးဝါးဈေးနှုန်းများ ကျဆင်းရန်အတွက် ဆေးဝါးကုန်ကြမ်း ၄၅၄ မျိုးအား ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပြီးဖြစ်ရာ နိုင်ငံတော်ပိုင် မြန်မာ့ဆေးဝါးလုပ်ငန်းရှိ ဆေးဝါးစက်ရုံများမှ အသုံးပြုလျက်ရှိသော ဆေးဝါးကုန်ကြမ်း ၃၆၅ မျိုးအား ထပ်မံထည့်သွင်း၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေး ဆက်စပ်ဝန်ကြီးဌာနများ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေခံစားကုန်များ၏ နေ့စဉ်ဈေးနှုန်း ဖြစ်ပေါ်နေမှုနှင့် ကုန်စည်စီးဆင်းမှုများကို စိစစ်သုံးသပ်၍ ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်စေရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ပသွင်းကုန် လျှော့ချပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်စေရန်အတွက် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ရေရှည်ရှင်သန်တိုးတက်စေရန်နှင့် သွင်းကုန်အစားထိုး၍ ပြည်ပသို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်စေရေး နိုင်ငံတော်မှ MSME လုပ်ငန်းရှင်များကို ဘဏ်များနှင့် ချိတ်ဆက်၍ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများရရှိစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းကိုင်မဲဆန္ဒနယ်မှ နန်းသန်းသန်းမွေး၏ **ရှမ်းပြည်နယ် စစ်ဘေးရှောင်များ ယာယီနေအိမ်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မှတ်ပုံတင်လျှောက်ရာတွင် လဝကမှ ၎င်းတို့နေထိုင်ရာ မြို့ထောက်ခံစာများရယူပေးရန်နှင့်စပ်လျဉ်း၍ စစ်ဘေးရှောင်များ၏ ဘဝကို ကူညီပေးရန် အစီအစဉ်ရှိ၊ မရှိ၊ အစီအစဉ်မရှိပါက ဦးစားပေးအစီအစဉ် ဆောင်ရွက်ပေးစေလိုကြောင်း သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်မြောက်ပိုင်းဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာသူများ ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် နားခိုရာနေရာများဖန်တီးဆောင်ရွက်ပေးခြင်း၊ စားရေရိက္ခာများ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများကို မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်အပြင် NGO၊ INGO အဖွဲ့များဖြင့် ပေါင်းစပ်ကူညီဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ယာယီနေရပ်စွန့်ခွာသူများ စားဝတ်နေရေး ပြေလည်စေရန် ကျွမ်းကျင်သည့် အလုပ်အကိုင်အလိုက် ဒေသတွင်းအလုပ်အကိုင်ရရှိရေး စီမံဖန်တီးခြင်းအပြင် နိုင်ငံတော်မှတစ်ဦးလျှင် တစ်လကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စုစုပေါင်းငွေကျပ် ၁၁ ဒသမ ၅၉ ဘီလီယံကို ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ၂၀၂၆ ခုနှစ် ဧပြီလစာရင်းအရ ယာယီနေရပ်စွန့်ခွာသူ ၉၂၉၇ ဦး သာကျန်ရှိပါကြောင်း၊ ကျန်ရှိသူများလည်း မကြာမီ မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်အခြေချတော့မည်ဖြစ်ပါကြောင်း။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် လုံခြုံရေး အခြေအနေအရ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်ဦးစီးမှူးရုံး ၁၂ ရုံးအား မူလဒေသများတွင် ဖွင့်လှစ်နိုင်ခြင်းမရှိချိန်တွင် တောင်ကြီးမြို့ ဆရာဝန်ကြီးများအသင်းတိုက်တွင်(ယာယီ)ရုံးများ ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသားစိစစ်ရေးကတ်ပြား သက်ပြည့်လဲလှယ်၊ ပျောက်ဆုံး၊ ပျက်စီးမိတ္တူလျှောက်ထားသူ စုစုပေါင်း ၉၈၄၃ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၇၉ စု ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် လုံခြုံရေး ပြန်လည်ကောင်းမွန်လာ၍ တောင်ကြီးမြို့နယ်တွင် ဖွင့်လှစ်ထားသည့် ဒုတိယပြည်နယ်ဦးစီးမှူးရုံး (လားရှိုး)အပါအဝင် လားရှိုးခရိုင်၊ လားရှိုး၊ ကွမ်းလုံ၊ သိန္နီနှင့် ကွတ်ခိုင်မြို့နယ်ရုံးတို့ကို လားရှိုးမြို့၌လည်းကောင်း၊ နမ္မတူမြို့နယ်ရုံးကို သီပေါမြို့နယ်၌လည်းကောင်း ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပင်လောင်းမြို့နယ်တွင် အများဆုံးနေထိုင်သော ဖယ်ခုံမြို့နယ်မှ ပြည်သူများ အခက်အခဲမရှိအဆင်ပြေစေရန်အတွက် ဖယ်ခုံမြို့နယ်(ယာယီ)ရုံးအား ပင်လောင်းမြို့နယ်၌ ဖွင့်လှစ်ခဲ့ပြီး ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဖယ်ခုံမြို့နယ် လုံခြုံရေးအခြေအနေပြန်လည်ကောင်းမွန်လာသည့်အတွက် ဖယ်ခုံမြို့နယ်ဦးစီးမှူးရုံးအား ဖယ်ခုံမြို့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံသားလုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စုသို့ ပြန်လည်ရောက်ရှိသည့် စစ်ဘေးရှောင်ပြည်သူများအား (၃)ရပ်ကွက် သာသနာ့လင်္ကာရ ဘုန်းတော်ကြီးကျောင်းတွင် လက်ခံထားရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းအား ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

မိုင်းကိုင်မြို့နယ်သည် အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားမှုမရှိသည့်ဒေသဖြစ်၍ မြို့နယ်ဦးစီးမှူးရုံးအား မူလနေရာတွင်ပင် ဖွင့်လှစ်ထားရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စစ်ဘေးရှောင်ပြည်သူများ လက်ရှိနေထိုင်ရာ ဒေသတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားပါက e-ID Server အတွင်း ဖြည့်သွင်းထားသည့် ၎င်းတို့၏ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနံပါတ် မှန်/မမှန်၊ ကိုယ်ရေးအချက်အလက် မှန်/မမှန် ဦးစွာတိုက်ဆိုင်စိစစ်ပြီး မှန်ကန်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ကောက်ခံသော အခွန်အခငွေနှုန်းထားများသည် ခေတ်စနစ်အခြေအနေတို့နှင့် ကိုက်ညီခြင်းမရှိသည့်အတွက် သင့်တော်သည့် နှုန်းထားများဖြင့် ပြင်ဆင်သတ်မှတ်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဧည့်နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါ အခကြေးငွေနှင့် ဒဏ်ကြေးများအား ပြင်ဆင်ရန်လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ခွင့်ပြုနိုင်ပါရန် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ ပြန်လည်တင်ပြခဲ့ပါကြောင်း။

ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ဥပဒေကြောင်းအရ သဘောထားမှတ်ချက်ပြုရန် မရှိပါကြောင်း ပြန်ကြားစာရရှိပြီးဖြစ်ပါသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အတုပြုလုပ်သူ၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီသူ၊ ကတ်ပြားအတု သုံးစွဲသူများအား ထိရောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရန်အတွက် ယခုအစိုးရအသစ်လက်ထက်တွင် မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့်ဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့်ဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဧည့်နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါ အခကြေးငွေ၊ ဒဏ်ကြေးငွေများအား ဆက်လက်ပြင်ဆင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှဦးနေလင်းအောင်၏ **နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုစာရင်းများအား ပေါင်နှံခြင်း၊ အာမခံထားခြင်းတို့သည် တရားမဝင်ကြောင်း ကြေညာချက်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန်နှင့် ပေါင်နှံလက်ခံသူ၊ အာမခံလက်ခံသူများအား အရေးယူဆောင်ရွက်ပေးနိုင်ရေး ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသားလက်မှတ်နှင့် စိစစ်ရေးကတ်ပြား၊ နိုင်ငံသားပြုခွင့်လက်မှတ်နှင့် စိစစ်ရေးကတ်ပြားသည် မြန်မာနိုင်ငံသားဖြစ်ကြောင်း သက်သေခံထားခြင်းဖြစ်သည့်အတွက် စနစ်တကျကိုင်ဆောင်ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ အခြားသူတစ်ဦးအား လွှဲပြောင်းပေးအပ်ခြင်း မပြုလုပ်ရန်နှင့် မသက်ဆိုင်သူမှ ကောက်ယူရရှိသည့်အခါ အနီးဆုံးရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး သို့မဟုတ် အနီးဆုံး မြို့နယ်လဝကရုံးသို့ အမြန်ဆုံး ပေးအပ်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်က ထုတ်ပေးထားသည့် မှတ်တမ်းအထောက်အထားများအား ကိုယ်ကျိုးစီးပွားအတွက် မသက်ဆိုင်သူများလက်ဝယ်သို့ ပေးအပ်၍ ကိုင်ဆောင်အသုံးပြုစေခြင်း၊ မရိုးဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလုပ်၍ ပေါင်နှံခြင်း၊ အာမခံထားခြင်း၊ မသက်ဆိုင်သူများကလည်း တရားမဝင်သိမ်းဆည်းခြင်းတို့ ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ထပ်မံထုတ်ပြန်ရန်မရှိပါကြောင်းနှင့် ထိုကဲ့သို့ပြုလုပ်ပါက အချက်အလက်နှင့်တကွ သတင်းပေးတိုင်ကြားနိုင်ပြီး ဆောင်ရွက်သူများအား တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်္ဂပူမြို့နယ်ရှိ ညောင်ကျိုး-မဲဇလီကုန်း ဆက်သွယ်ရေး ကျောက်ကြမ်းခင်းလမ်းအား ကျောက်ချောခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန်နှင့် ၎င်းလမ်းပေါ်ရှိ ယက္ကန်းစင်သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက အင်္ဂပူမြို့နယ် ညောင်ကျိုး-မဲဇလီကုန်း

စာမျက်နှာ ၆ သို့ ✰



☆ စာမျက်နှာ ၅ မှ

ကျောက်ကြမ်းခင်းလမ်းသည် အရှည် ၁၃ မိုင် ၁ ဖာလုံရှိပြီး ညောင်ကျိုးမှ အိုးကွဲအထိ ၂ မိုင် ၄ ဖာလုံ ကွန်ကရစ်လမ်းနှင့် ဆင်သေမှ မဲဇလီကုန်းအထိ အရှည် ၅ မိုင် ကျောက်ချောလမ်းတို့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ အိုးကွဲမှ ဆင်သေအထိ လမ်းအရှည် ၅ မိုင် ၅ ဖာလုံမှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း။

ညောင်ကျိုးမှ ၄ မိုင် ၂ ဖာလုံရှိ ဘူးကွဲတောင် တံတားနှင့် ၅ မိုင် ၅ ဖာလုံရှိ ယက္ကန်းစင်သစ်သား တံတားသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပိုင် တံတားများဖြစ်ပါကြောင်း၊ ညောင်ကျိုး-မဲဇလီကုန်း ဆက်သွယ်ရေးလမ်း ၁၃ မိုင် ၅ ဖာလုံအနက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်း ၅ မိုင်ကျော်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန်နှင့် ၎င်းလမ်းပေါ်ရှိ ယက္ကန်းစင်သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **အုတ်ဖိုမြို့နယ် ထောက်ကြံ့ကွင်းကျေးရွာသို့ ရန်ကုန်-ပြည်လမ်းမှ ရာသီမရွေးသွားလာ အသုံးပြုနိုင်သည့် အမာခံလမ်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရန်ကုန်-ပြည်လမ်းမှ ထောက်ကြံ့ကွင်းရွာအဝင်လမ်းသည် အရှည် ၁ မိုင် ၄ ဖာလုံရှိ ဂဝံလမ်းဖြစ်ပြီး ယခုအခါ ပျက်စီးလျက်ရှိပါကြောင်း၊ အဆိုပါလမ်းသည် Class(A) အဆင့်လမ်းဖြစ်ပြီး ဂဝံခင်းခြင်း လုပ်ငန်းအား ပြည်ထောင်စု(သို့) တိုင်းဒေသကြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ဒလမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၃ စုရှိ ကျေးရွာများမှ မြို့သို့ ဆက်သွယ်သွားလာသောလမ်းများအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက တွံတေးခရိုင် ဒလမြို့နယ်သည် ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာရှိပြီး ကျေးလက်လမ်း မိုင်ပေါင်း ၅၅ မိုင်ကျော်ရှိပါကြောင်း၊ ရာသီမရွေးသွားလာနိုင်သော လမ်းမိုင် ၃၄ မိုင်ကျော်ရှိပြီး နွေရာသီသာသွားလာနိုင်သော လမ်းမိုင် ၂၁ မိုင်ကျော်ရှိပါကြောင်း၊ ဒလမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၂၃ ခုနှစ်တွင် လွှဲပြောင်းရရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်မှစ၍ ကွန်ကရစ်လမ်း ၄ မိုင် ၆ ဒသမ ၅၅ ဖာလုံ၊ ကျောက်လမ်း ၄ ဒသမ ၆၉ ဖာလုံနှင့် တံတား ၅၂ ပေတစ်စင်း၊ ၅' Box Culvert နှစ်ခုအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း ၁ မိုင် ၅ ဒသမ ၂၇ ဖာလုံ၊ ကျောက်လမ်း ၁ မိုင် ၂ ဖာလုံ၊ ၁၅ မီတာ ကွန်ကရစ်တံတားတစ်စင်း၊ ၁၂ မီတာ ကွန်ကရစ်တံတားတစ်စင်း၊ ၂၀' Box Culvert သုံးခု၊ ၁၀' Box Culvert တစ်စင်းနှင့် ၅' Box Culvert နှစ်ခုအား အဆင့်မြှင့်တင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များအတွက် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ရရှိရန်ပုံငွေပေါ်မူတည်၍ အကျိုးပြုနှုန်းအလိုက် ဦးစားပေးလျာထား တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ် ပုပ္ပါးကျေးရွာအဝင် တံတားသည် ကြံ့ခိုင်မှုမရှိတော့ပါသဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် RC ကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပုပ္ပါးကျေးရွာအဝင် မူလတံတားအဟောင်း အလျား ၁၅ ပေ၊ အနံ ၁၂ ပေကို ၁၉၈၇ ခုနှစ်၌ ကျေးရွာနေ ပြည်သူများက ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါတွင် တံတားအလယ်၌ ခိုင်ခံ့မှုမရှိတော့ဘဲ ကွေးညွတ်ခြင်း၊ ကမ်းကပ်ခုံနှစ်ဖက်နှင့် ရေလယ်တိုင်များ အက်ကွဲခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် သံကူကွန်ကရစ်(RC) တံတားအသစ် (၂၀ x ၁၄)ပေ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ရရှိရန်ပုံငွေဖြင့် အကျိုးပြုနှုန်းအလိုက် ဦးစားပေးလျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်ကျေးရွာမှ ကျိုင်းခမ်းကျေးရွာသို့ ကိုးမိုင်ခန့်ကတ္တရာခင်းခြင်း ပြုလုပ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိနှင့် မရှိပါက ဦးစားပေးအစီအစဉ်အား သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်ကျေးရွာမှ ကျိုင်းခမ်းကျေးရွာအထိ ကိုးမိုင် အရှည်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ပြည်နယ်ရန်ပုံငွေဖြင့် မြေလမ်းမှ ၁၆ ပေအကျယ် ကျောက်လမ်းခင်းခြင်း ငါးဖာလုံ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြေလမ်းအဆင့်ကျန်ရှိသည့် လမ်းပိုင်းများအား ရာသီမရွေးသွားလာနိုင်ရန်အတွက် ကျောက်ချောလမ်းခင်းခြင်းနှင့် လိုအပ်သည့်နေရာများတွင် တံတား/ရေပြွန်များ တည်ဆောက်ခြင်း၊ လက်ရှိသစ်သားတံတားသုံးစင်းအား သံကူကွန်ကရစ်တံတားအဆင့် တိုးမြှင့်တည်ဆောက်ခြင်းနှင့် ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ပြည်နယ်ရန်ပုံငွေတွင် လျာထား၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရ၏ **လက်ပံတန်းမြို့နယ် သာရဝေါမှ ဟင်္သာတမြို့နယ်သို့ ကား၊ ရထားကူးသန်းနိုင်မည့် မြစ်ကူးတံတားကြီး တစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ရှိအခြေအနေတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက မကွေးတိုင်းဒေသကြီးတွင် ဧရာဝတီတံတား (သရက်-အောင်လံ)နှင့် ကချင်ပြည်နယ်တွင် ဧရာဝတီတံတားအသစ်(ဗလမင်းထင်)တို့ကို အပြီးတည်ဆောက်ရမည်ဖြစ်သည့်အပြင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ တံတားများအား ပြန်လည်တည်ဆောက်ခြင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တံတားစုစုပေါင်း ၁၁၅ စင်း၊ ပြုပြင်ဆဲတံတားခြောက်စင်း၊ ပြုပြင်ရန်ကျန်တံတား ၈၃ စင်းတို့ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လက်ရှိ လတ်တလောအခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မိုးညိုမြို့နယ် သဏ္ဍယ်တန်းကျေးရွာ လက်ပံနှစ်ပင်နှင့် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ငပိဆိပ်ကျောက်စရစ်ကုန်းကြား ဧရာဝတီမြစ်ကူးတံတား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုအခါ ဧရာဝတီတံတား (သရက်-အောင်လံ)နှင့် ဧရာဝတီတံတားအသစ်(ဗလမင်းထင်)တို့ကို အပြီးတည်ဆောက်လျက်ရှိပြီး ဧရာဝတီမြစ်ကူးတံတား (ရတနာသိခ်) ပျက်စီးသွားသည့် အပိုင်းများကို ပြန်လည်ပြုပြင်ခြင်း၊ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ တံတားများ၊ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တံတားများ၊ ပြုပြင်ဆဲတံတားများနှင့် ပြုပြင်ရန်ကျန်တံတားများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လတ်တလောတွင် ငပိဆိပ်ကျောက်စရစ်ကုန်းအကြား ဧရာဝတီမြစ်ကူးတံတားအား မဆောင်ရွက်သင့်သေးပါကြောင်း ပြန်လည်ဖြေကြား သည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့ ဆင်သေ-ပင်လောင်း(မီးရထား) လမ်းဟောင်းမြေ နေရာဖြစ်သည့် မြို့အဝင် တိုးဂိတ်အနီးမှ ရန်ကုန်-တောင်ငူ-မန္တလေးကားလမ်း(လမ်းဟောင်း) ၁၄ မိုင်သို့ တပ်ကုန်းမြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်နိုင်ရေး ရေတို၊ ရေရှည်အစီအမံများချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ရှိ ရန်ကုန်-တောင်ငူ-မန္တလေးလမ်းသည် နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးဖြစ်ပြီး လမ်းနယ်နိမိတ်သတ်မှတ်ချက်မှာ ပေ ၂၃၀ အကျယ်ဖြစ်ပါကြောင်း၊ ညောင်လွန့်-သရက်ပင်-ပေတောလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းဖြစ်ပြီး လက်ရှိလမ်းနယ်နိမိတ် အကျယ်မှာပေ၃၀သာရှိသောကျေးရွာချင်းဆက်လမ်း အဆင့်ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းအူကြောင်းအတိုင်း တပ်ကုန်းမြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်မည်ဆိုပါက သတ်မှတ်လမ်း နယ်နိမိတ်အကျယ်ရရှိရန်အတွက် စိုက်ပျိုးမြေများ၊ လယ်ယာမြေများနှင့် လူနေထိုင်မှုရှိသော မြေများအား မြေယာလျော်ကြေးများပေးရန် လိုအပ်မည်ဖြစ်သည့်အပြင် ကျေးရွာများအား ဖြတ်သန်းသွားသည့် လမ်းအူကြောင်းဖြစ်၍ လူနေအိမ်ခြေများစွာ တည်ရှိပါသဖြင့် အိမ်ရာအဆောက်အအုံများ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တပ်ကုန်းမြို့ရှောင်လမ်း ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ပိုမိုတိုတောင်းသော လမ်းအူကြောင်းဖြစ်သည့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ ၂၄၉/၂ မိုင်မှ ဆင်သေ-ပင်လောင်းမီးရထားလမ်းအတိုင်း ၃ မိုင် ၂ ဖာလုံခန့်ရှိ ဗျိုင်းအင်းကျေးရွာ၊ ထိုမှတစ်ဆင့် ၃ မိုင် ၁ ဖာလုံခန့်အတိုင်း ဆက်လက်၍ လမ်းအူကြောင်း လျာထားပြီး ရန်ကုန်-တောင်ငူ-မန္တလေး လမ်း၏ ၂၅၃/၅ မိုင်အနီးသို့ ပြန်လည်ဝင်ရောက်အဆုံးသတ်မည်ဆိုပါက လမ်းအရှည်မှာ ၆ မိုင် ၃ ဖာလုံခန့်ရှိမည်ဖြစ်ပါကြောင်း၊ လမ်းဦးစီးဌာနအနေဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်ပြီးမှသာ ရလဒ်ပေါ်မူတည်၍ စီမံကိန်းဆောင်ရွက်ရန် ဖြစ်နိုင်ခြေရှိပါက ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့ကလွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၊ အတွင်းရေးမှူးအဖြစ် သုံးခွမဲဆန္ဒနယ်မှ ဦးအောင်ကျော်မင်း အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့အသိပေး ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့က လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၊ အတွင်းရေးမှူးအဖြစ် မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးစိုးနိုင် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့အသိပေးကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့က လွှတ်တော်သို့အသိပေးတင်ပြခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၊ အတွင်းရေးမှူးအဖြစ် သနပ်ပင်မဲဆန္ဒနယ်မှ ဦးအောင်ဇော်လင်း အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့ကလွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ကနီမဲဆန္ဒနယ်မှ ဦးညဏ်ထွန်း၊ အတွင်းရေးမှူးအဖြစ် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရ အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် မိုင်းတုံမဲဆန္ဒနယ်မှ ဦးထင်အောင်ရှိန်နှင့် အတွင်းရေးမှူးအဖြစ် ကန်ကြီးထောင့် မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် လှိုင်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင့်နှင့် အတွင်းရေးမှူးအဖြစ် ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဒေါက်တာထွန်းထွန်းဝင်းတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးညွန့်ဆောင်နှင့် အတွင်းရေးမှူးအဖြစ် ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သွင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးအဋ္ဌမနေ့ကို ဇွန် ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပ

## အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်းကြေညာ

နေပြည်တော် ဇွန် ၁၂

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၉ ဦးစလုံး တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးထိန်လင်း၏ **ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ ရေနံတားကျွန်းပတ်တာများမှ လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွတ်ကျွန်း အပိုင်း(၁)နှင့် အပိုင်း(၃)ရှိ ရေတံခါးများ ပြင်ပရေနံများ ဝင်ရောက်မှုရှိနေသောကြောင့် ပြုပြင်ပေးရန် သို့မဟုတ် အသစ်တည်ဆောက်ပေးရန်နှင့် အဆိုပါရေနံတားကျွန်းပတ်တာများအတွင်းရှိချောင်းကော၊ မြောင်းကောများကို ဘဏ္ဍာရေးနှစ်အလိုက် အစီအစဉ်များ ရေးဆွဲပြီး ဦးစားပေးအစီအစဉ်အတိုင်း တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လပွတ္တာမြို့နယ် လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွတ်ကျွန်းအပိုင်း(၁)၊ ဘီတွတ်ကျွန်းအပိုင်း(၃)အတွင်းရှိ ရေတံခါး စုစုပေါင်း(၂၁)လုံးအနက် (၇)လုံးအား ပြုပြင်ထားရှိပြီး ဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဘီတွတ်ကျွန်းအပိုင်း(၃) တာရှိ ကတောက်ဆပ်ရေတံခါးပြုပြင်ခြင်းလုပ်ငန်းကို ပြုပြင်ပေးသွားမည်ဖြစ်ပြီး ဆက်လက်ပြုပြင်ရန် ကျန်ရှိသော ရေတံခါး(၁၃)လုံး ဖြစ်ပါကြောင်း။

ထို့အပြင် ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဘီတွတ်ကျွန်းအပိုင်း(၄)တာအတွင်း နွေစပါးစိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း (၃)ခုနှင့် ရေတံခါးများပြုပြင်ခြင်းလုပ်ငန်း (၄)ခု၊ ရွှေမြစ်နှင့် ပြာမလော့မြစ်ကြား ရေနံတား တာကျွန်းအပိုင်း(၅)၏တာအလျား(၁၁)မိုင် တာမြေကြီးဖို့ခြင်းလုပ်ငန်းတို့အား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လပွတ္တာမြို့နယ် လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွတ်ကျွန်းအပိုင်း(၁)၊ ဘီတွတ်ကျွန်းအပိုင်း(၃)အတွင်းတွင်ပြုပြင်ရန်ကျန်ရှိသော ရေတံခါး(၁၃)လုံးကို ပြုပြင်နိုင်ရန်(၂၀၂၇-၂၀၂၈) ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီး သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတစ်ရပ်ရပ်မှ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအလိုက် ပြုပြင်ပေးရန်စီစဉ်ထားရှိပါကြောင်းနှင့် ရေနံတားကျွန်းပတ်တာများအတွင်းရှိချောင်းကော၊ မြောင်းကောတူးဖော်ခြင်း လုပ်ငန်းများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအစီအစဉ်အတိုင်း လျာထားသတ်မှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးထိန်လင်း၏ **ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လပွတ္တာမြို့နှင့် ဆားကျင်းကျေးရွာကို ဆက်သွယ်အသုံးပြုနေသည့် လပွတ္တာမြောက်ကျွန်းတာ ၀/၀ မိုင်မှ ၇/၀ မိုင်အထိ**




**၇ မိုင်ကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လပွတ္တာမြောက်ကျွန်းတာ တာမိုင်၏အစသည် လပွတ္တာမြို့ အမှတ်(၂)ရပ်ကွက်မှ စတင်ပြီး မြို့ဧရိယာအတွင်း အလျား(၁)မိုင် ပါဝင်ပါကြောင်း၊ ကျောက်ချောလမ်းခင်းလိုသောနေရာသည် လပွတ္တာမြို့ အမှတ်(၂) ရပ်ကွက်မှ ဆားကျင်းကျေးရွာအထိ လပွတ္တာမြောက်ကျွန်းတာ တာမိုင်အစမှ ၇ မိုင်အတွင်း နေရာဖြစ်ပါကြောင်း၊ အဆိုပါနေရာတွင် တာထိပ်အကျယ် ၁၂ ပေရှိပြီး တာပေါင်အမြင့်မှာ ပျမ်းမျှ ၈ ပေဖြစ်ပါကြောင်း။

လပွတ္တာမြို့တွင်းဧရိယာဖြစ်သော တာမိုင်အစမှ ၅ ဖာလုံကြားတွင် အလျား(၅)ဖာလုံခန့်သည် ကျောက်ကြမ်းလမ်းခင်း၍ အသုံးပြုသွားလာလျက်ရှိပါကြောင်း၊ ကျောက်ချောလမ်းခင်းလိုသောအပိုင်းအတွင်း တာမိုင်အစမှ ၁ မိုင် ၆ ဖာလုံတွင် ခေါ်တန်းရေတံခါး (အချင်း ၄ ပေ ၊ ၂ ပေါက်)၊ တာမိုင်အစမှ ၅ မိုင် ၆ ဖာလုံတွင် လက်ဝဲခွဲ ရေတံခါး (အချင်း ၄ ပေ၊ ၅ ပေါက်)တို့ တည်ရှိပါကြောင်း၊ ဌာနကတည်ဆောက်ထိန်းသိမ်းထားသော တာတမံများမှာ မြေသားတာတမံများဖြစ်သည့်အပြင် မိုးများသောဒေသဖြစ်ခြင်းကြောင့် တာနိမ့်ကျခြင်း၊ ရေတိုက်စားခြင်းများရှိပါသဖြင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိခြင်း၊ တာတမံပေါ်တွင် ကျောက်ချောလမ်းခင်းမည်ဆိုပါက မြေသားတာတမံဖြစ်၍ သတ်မှတ်တာထိပ်အမြင့်အောက် နိမ့်ကျသည့်အခါ စက်ယန္တရားကြီးများဖြင့် ပြန်လည်မြေဖို့ ပြုပြင်ဆောင်ရွက်ရပြီး ကျောက်ချောလမ်းများအနေဖြင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ခြင်း၊ တာတမံများတွင် ထည့်သွင်းတည်ဆောက်ထားသော ရေတံခါးများ၏ ဒီဇိုင်းပုံစံအရ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာမှုကို ဝန်အားခံနိုင်ရည်မရှိသဖြင့် ပျက်စီးနိုင်ခြင်းတို့ကြောင့် တာတမံများပေါ်တွင် အခိုင်အမာလမ်းများ ဆောင်ရွက်ရန် မသင့်လျော်သည့် အခြေအနေဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လုပ်ငန်းသဘာဝနှင့် မြေပြင်အခြေအနေအရ တာတမံများပေါ်တွင် အခိုင်အမာလမ်းများ ဆောင်ရွက်ရန်မှာ သင့်လျော်မှုမရှိပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် လပွတ္တာမြို့နယ် လပွတ္တာမြို့နှင့် ဆားကျင်းကျေးရွာကို ဆက်သွယ်အသုံးပြုနေသည့် လပွတ္တာမြောက်ကျွန်းတာ တာမိုင်အစမှ ၇ မိုင်အထိကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်မရှိပါကြောင်း။

သို့ရာတွင် ဒေသဖွံ့ဖြိုးရေးအတွက် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်ပါက နှစ်စဉ်ပြုပြင်ထိန်းသိမ်းနေရသော တာတမံပေါ်၌ လမ်းခင်းခြင်းမပြုဘဲ တာ၏ အတွင်းဘက်ခြမ်းတွင် တစ်ဆင့်နိမ့်တာ (Second Berm) ပြုလုပ်၍ လိုအပ်သော အမြင့်၊ အကျယ်ဖြင့် လမ်းခင်းခြင်း ဆောင်ရွက်နိုင်ပါကြောင်း၊ ရေတံခါးအဝင်/အထွက် မြောင်းနေရာများတွင်လည်း ဝန်အားခံနိုင်ရည်ရှိသော မြောင်းကူးတံတားများ ထည့်သွင်းဆောင်ရွက်နိုင်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပါက လမ်းတည်ဆောက်ခြင်းနှင့် သက်ဆိုင်သော ဌာနအဖွဲ့အစည်းများအနေဖြင့် လမ်းကိုလိုအပ်သလို တည်ဆောက်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့်လည်း တာတမံကို လိုအပ်သလိုပြုပြင်ထိန်းသိမ်းနိုင်မည်ဖြစ်ရာ နှစ်ဦးနှစ်ဖက် အဆင်ပြေချောမွေ့စေမည်ဖြစ်ပြီး ဒေသအတွက်အကျိုးရှိစေမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာများ ရေအပြည့်အဝရရှိစေရန်နှင့် စိုက်ပျိုးရေကို ပမာဏလုံလောက်စွာ သိုလှောင်နိုင်ရန်အတွက် သင်းတွဲမြောင်းဖျားတွင်ရှိသော စွန်ရဲကန်အား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က စွန်ရဲကန်အတွင်း ရေဝင်ရောက်မှု ပိုမိုကောင်းမွန်စေရန်အတွက် ကန်အတွင်း ရေကူဖြည့်တင်းသည့် သင်းတွဲမြောင်းနှင့် ရေဝင်ချောင်းဖြစ်သည့် လင်းဝှက်ချောင်းရေလမ်းတို့ကို ဌာနမှ ထိန်းသိမ်းစီမံလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးနိုင်ရေး စည်းရုံးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါကြောင်း၊ (၂၀၂၁) ခုနှစ်မှစတင်၍ စွန်ရဲကန်အတွင်း ကန်ရေပြည့်ပမာဏနီးပါးအထိ ရေသိုလှောင်ထားနိုင်ပြီး မိုးသီးနှံ၊ နွေသီးနှံ စိုက်ကေများအား စိုက်ပျိုးရေပြည့်ဝစွာ ပေးဝေနိုင်လျက်ရှိခြင်း၊ စွန်ရဲအင်းမွေးမြူရေးဇုန်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်လျက်ရှိခြင်း၊ စွန်ရဲကန်၏ မူလရေဝပ်ဧရိယာပြန်လည်ရရှိအောင် သဲနုန်းတူးဖော်လျှင် ဆောင်ရွက်ရမည့်လုပ်ငန်း ပမာဏကြီးမားများပြားပြီး ရန်ပုံငွေလိုအပ်ချက်လည်း များပြားလွန်းခြင်းတို့ကြောင့် ယခုလက်ရှိအခြေအနေအရစွန်ရဲကန်အား သဲနုန်းတူးဖော်ဆောင်ရွက်ရန် သင့်လျော်မှုမရှိသေးပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် လယ်/ယာ ရေသောက်စနစ်မြောင်းများအား သဲနုန်းများ တူးဖော်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်းရှိ ကင်းတားရေသောက်စနစ်နှင့် ဇော်ဂျီရေသောက်စနစ်တို့တွင် တူးမြောင်းမကြီး (၁၆) ခု၊ လက်တံမြောင်း (၄၇) ခု၊ လက်တံခွဲမြောင်း (၁၉)ခု တို့၏ အချို့သောနေရာများ၌ မြောင်းအင်အားပြည့် ရေပို့လွှတ်သယ်ဆောင်နိုင်ရန်အတွက် သဲနုန်းတူးဖော်ခြင်း၊ မြောင်းပေါင်အားဖြည့်ခြင်းနှင့် အချို့သောရေပေးအဆောက်အအုံများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ပြုပြင်ရမည့် ရေပေးမြောင်းအရေအတွက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏများပြားသည့်အတွက် ရန်ပုံငွေခွဲဝေရရှိသည့် အခြေအနေအပေါ်မူတည်၍ သဲနုန်းပို့ချမှု များပြားလျက်ရှိသော ရေပေးမြောင်းများနှင့် ဆက်စပ်ရေပေးအဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်းများကို မြောင်းဆုံးမြောင်းဖျားအထိ ရေရရှိစေရန် ရည်ရွယ်၍ ဦးစားပေးအစီအစဉ်ဖြင့် နှစ်အလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများရှိ အဓိကသီးနှံ ၁၄ မျိုး ရေရရှိမှု ပိုမိုထိရောက်စေရန်အတွက် ရေပေးတူးမြောင်းများ၏ ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့်အပိုင်းများအား သဲနုန်းတူးဖော်ခြင်း၊ ရေပေးအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို နှစ်စဉ်ရရှိသော ပြင်/ထိန်းရန်ပုံငွေမှ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကယားပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါက်တာနိုင်လင်းနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဒေါက်တာအမ်ဇော်လတ်(ခ)ဆမ်းမားကို့(စ်) အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ သဘောတူသဖြင့် ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေး ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရှားရယ်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေး ကော်မတီအား အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါက်တာဦးမနာမ်တူးဂျာနှင့် အတွင်းရေးမှူးအဖြစ် ကယားပြည်နယ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရှားရယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်နွယ်နွယ်ဦးက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

စာမျက်နှာ ၈ သို့ ☆

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းနှင့် စစ်မှုထမ်းဟောင်းအိမ်ရာ(နေပြည်တော်)တို့အား သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၂**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အမှတ်(၂)တပ်မတော် လူငယ်ပညာရေး သင်တန်းကျောင်းနှင့် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ(နေပြည်တော်) တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂) တပ်မတော်လူငယ် ပညာရေး သင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းရုံးခန်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ စာသင်ဆောင်၊ အိပ်ဆောင်နှင့် စားရိပ်သာများ နေရာချထားမှု၊ လေ့ကျင့်သင်ကြားပေးသည့် ဘာသာရပ်များ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာများနှင့် သင်ကြားမည့် ဆရာ ဆရာမ အင်အားဖြည့်ဆည်းထားရှိမှု အခြေအနေများ၊ ကျောင်းသားများအတွက် ယူနီဖောင်း၊ အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းများ ထောက်ပံ့ ပေးထားမှုများကို ရှင်းလင်းတင်ပြကြရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးရာတွင် ပညာရေးပိုင်းသာမက ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အကျင့်စာရိတ္တ ကောင်းမွန်ကာ ထူးချွန်ထက်မြက်သည့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသော မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာရေး စနစ်တကျ လေ့ကျင့် သင်ကြားပေးရန်၊ စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်၍ စံပြုထိုက်သော ကျောင်းသားများဖြစ်အောင် ပျိုးထောင်ပေးရန်၊ အားကစားတွင် အရည်အသွေးရှိသူများကို ထူးချွန်သည်အထိ မြေတောင်မြှောက်ပေးရန်၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားပေးရန်၊ ဆရာ ဆရာမများနှင့်ပတ်သက်၍ ကျွမ်းကျင်သော ဘာသာရပ်အလိုက် သင်ကြားမှုတွင် ကိုက်ညီအောင် စီမံပေးရန်၊ သင်ကြားသင်ယူမှု အထောက်အကူပြု ပစ္စည်းများကို အကျိုးရှိအောင် အသုံးချ၍ သင်ကြားပေးရန်၊ လစဉ်နှင့် နှစ်ဝက်ဆန်းစစ်စာမေးပွဲများကို အရည်အသွေး ပြည့်မီအောင်စိစစ်ပြီး လိုအပ်သော ဘာသာရပ်များကို အချိန်ပိုသင်ကြားပေးခြင်း စသဖြင့် တတ်မြောက်မှုနှင့် အောင်ချက်မြင့်မားစေရေး ဆောင်ရွက်ရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမများအား တွေ့ဆုံနှုတ်ဆက်ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်း၌ Grade-10၊ Grade-11၊ Grade-12 တို့တွင် ကျောင်းသားများ တက်ရောက် ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုပြီး အားပေးစကား ပြောကြားသည်။ ယင်းနောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် သင်တန်းကျောင်းနှင့် ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ဆရာ ဆရာမများက လက်ခံရယူသည်။

### ညှိနှိုင်းဆောင်ရွက်

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်များနှင့်ကျောင်းသားများ စနစ်တကျနေထိုင်စားသောက်ရေးအတွက် အိပ်ဆောင်များ၊ ထမင်းစားဆောင်များ ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အမှတ်(၂) တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်းတွင် တက်ရောက်နေသည့် ကျောင်းသားများအား အားပေးစကားပြောကြားစဉ်။

(နေပြည်တော်)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက အိမ်ရာ တည်ဆောက် ပြီးစီးမှုနှင့် ဆက်လက် တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှုနှင့် ဆက်လက် နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ရေနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာ များအား လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှု၊ တည်ဆောက်ပြီး တိုက်ခန်းများအတွင်း မိသားစုများ အသင့်နေထိုင်စားသောက်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အိမ်ရာနေစစ်မှုထမ်းဟောင်း မိသားစုများ နေထိုင်၊ စားသောက်၊ သွားလာမှု အဆင်ပြေစေရေး လိုအပ်သည်များ စီမံဆောင်ရွက်ပေးရန်၊ စစ်မှုထမ်းဟောင်းများသည် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်ကြသည့်အပြင် အရေးကြီးသည့် တပ်မတော်၏ အင်အားတစ်ရပ်ဖြစ်သည့်အတွက် စစ်မှုထမ်းဟောင်းများ၏ အရေးကိစ္စများကို ဂရုတစိုက် ဆောင်ရွက်ပေးရန်၊ အိမ်ရာဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျ စီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အိမ်ရာဝင်းအတွင်းရှိ တည်ဆောက်ပြီးစီးနေသည့် နေအိမ် တိုက်ခန်းများနှင့် တည်ဆောက်ဆဲ တိုက်ခန်းများ၊ တည်ဆောက်ပြီး အခြားအဆင့်၊ အရာရှိငယ်၊ အရာရှိကြီးတိုက်ခန်းများသို့ ပြောင်းရွှေ့လာမည့် မိသားစုများအဆင်သင့်နေထိုင်စားသောက်နိုင်ရေးအတွက် တပ်မတော်က ကြိုတင်ပြင်ဆင် ဆောင်ရွက်ပေးထားသည့်တပ်မတော်စက်ရုံများက ထုတ်လုပ်သော ပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ ခင်းကျင်း ထားရှိမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၇ မှ

ဆက်လက်၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၂ အပိုဒ်ခွဲ (ပ)(ဏ)၊ ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၃ ခြေဆင်း၊ အသစ်ဖြည့်စွက်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း(၂)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဓ)(ဈ)၊ အခန်း(၃)၊ အပိုဒ် ၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၂)(၃)(၄)(၁၄)(၁၈)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)(ဋ)(ဌ)၊ အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ ငယ်(၆)(၉)၊ အပိုဒ်၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်၈ အပိုဒ်ခွဲ(င)(ဆ)၊ အခန်း(၅) အပိုဒ် ၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)(၁၃)၊ ပြင်ဆင်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၆ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊ အခန်း ၇၊ အပိုဒ် ၁၅ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)(ဂ)၊ အပိုဒ် ၁၈၊ အခန်း ၈၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(စ)၊ အသစ်ပြင်ဆင်ဖြည့်စွက်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၉၊ အပိုဒ် ၂၉ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)(ဃ)(င)၊ ပြင်ဆင်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၁၀၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ ငယ်(၂)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၃၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အခန်း ၁၁၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆ ခြေဆင်း၊ အခန်း ၁၂၊ အပိုဒ် ၅၇ ခြေဆင်း၊ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၀၊ အဆိုပြု ပြဋ္ဌာန်းချက်တွင် ပါရှိသည့် "ဘဏ်ငွေစာရင်းအမှတ်" ဆိုသော စကားရပ်အစား " ဘဏ်ငွေစာရင်း" ဆိုသည့် စကားရပ်ဖြင့် ဥပဒေကြမ်းတစ်ခုလုံးတွင် ပြောင်းလဲပြင်ဆင်ခြင်း၊ အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း၏ အခန်း(၂) အခန်းခေါင်းစဉ် ပယ်ဖျက်ခြင်းနှင့် ယခုပြင်ဆင်ချက်များဖြင့် အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်အတွက် လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါတင်ပြချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်း အပိုဒ် ၁ မှ ၆၃ နှင့် ဥပဒေကြမ်း အမည်တို့သည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည့်အတွက် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် အပိုဒ် ၁ မှ ၆၃နှင့် ဥပဒေကြမ်းအမည်တို့သည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက်ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွှန့်ဝင်းဆွေက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီဝင်များ၊ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အကျေအလည်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဗဟိုကော်မတီတွင် ပိုမိုခိုင်မာအားကောင်းစေရန် ဒုဥက္ကဋ္ဌ တစ်ဦး၊ အဖွဲ့ဝင် နှစ်ဦးကိုလည်းကောင်း၊ ဒေသဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် တစ်ဦးကိုလည်းကောင်း၊ တိုက်ဖျက်ရေးဗဟိုဌာနတွင် အဖွဲ့ဝင် နှစ်ဦးကိုလည်းကောင်း ထပ်မံဖြည့်စွက်ခြင်း၊ လုပ်ငန်းတာဝန်များ အသစ်ဖြည့်စွက်ခြင်း၊ စကားရပ်များ အစားထိုး ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သည့်အတွက် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးမျိုးမင်းနောင်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုပါဥပဒေကြမ်း ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဆဋ္ဌမနေ့ကို ဇွန် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## (၃၆)ကြိမ်မြောက်ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်း

**မန္တလေး ဇွန် ၁၂**

ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ ဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား (၃၆)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်းခြင်းကို ယနေ့ နံနက် ၉နာရီက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။

အဆိုပါ ထောက်ပံ့ပွဲသို့ တက်ရောက်လာသူများအား မုန့်ဟင်းခါးကျွေးမွေးလှူဒါန်းရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် သက်ကြီးဘိုးဘွား ၃၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၊ ဆီ တစ်ပိဿာခွဲနှင့် စားသောက်ကုန်ပစ္စည်းများ၊ ရပ်ကွက်ပြည်သူအိမ်ထောင်စု ၁၇၀ တို့အား ထောက်ပံ့ငွေကျပ် ၁၀၀၀၀ စီနှင့် ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆား တစ်ထုပ်၊ ဆပ်ပြာခရင်မ် တစ်ဘူးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀



# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက် အမှတ် ၁/၂၀၂၆ ဖြင့် ၂၁-၄-၂၀၂၆ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။



ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၂) စဝ်ခွန်ဆိုင်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် စဝ်နော်လိတ်နှင့် စဝ်စွမ်မောဝ်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် စိုင်းဇူဖ၊ စိုင်းလောင်ခမ်းမိန်း၊ တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးသည့်နောက် ပေါ်ပေါက်လာသည့် ရွေးကောက်ခံ အစိုးရသစ်လက်ထက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် ၂၀၂၆ ခုနှစ် မေ ၁၁ ရက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီတို့ကို ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ကြိုတင်ကန့်သတ်ချက်မထားသည့် နည်းလမ်းဖြင့် ဆွေးနွေးသွားရန် ဖိတ်ခေါ်ခဲ့ကြောင်း၊ NCA Plus ကဲ့သို့အကောင်အထည်ဖော်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လည်းလျာထားကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့် ပတ်သက်သည့်ကိစ္စရပ်များ ဆောင်ရွက်မှုမရှိစေရေး ကာကွယ်စောင့်ကြည့်သည့် လုပ်ငန်းများ ယန္တရားတည်ဆောက်၍ ဆောင်ရွက်ထားရန်လိုပြီး အစိုးရမှဆောင်ရွက်ပေးနေသည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စဉ်ဆက်မပြတ် ထိတွေ့လိုကြောင်း၊ SSPP အဖွဲ့၏ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက်ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်က ငြိမ်းချမ်းရေးသည် အမှန်တကယ်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းဖြင့်ဖြေရှင်းရန် အမြဲတောင်းဆိုခဲ့ကြောင်း၊ ဖြစ်နိုင်သည့်ကိစ္စများကို ဦးစားပေးဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် အတိတ်က သင်ခန်းစာများကိုယူပြီး ယုံကြည်မှုတည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက တန်းတူရေးကို အခြေခံပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုပေါ်ထွန်းရေး၊ ယုံကြည်မှုထိခိုက်စေသည့် ဖြစ်စဉ်များအပေါ်သင်ခန်းစာယူပြီး ထပ်မံမဖြစ်ပွားအောင် အလေးထားဆောင်ရွက်ရေး၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအား အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအား ကူညီဆောင်ရွက်ပေးရေး၊ ငြိမ်းချမ်းရေးကို ထိခိုက်စေသည့် ပစ်ခတ်တိုက်ခိုက်မှုများမဖြစ်ပွားစေရေး နှစ်ဖက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေးတို့အား အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က SSPP မှ ဆွေးနွေးသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ SSPP နှင့် ယခင် Bilateral တွေ့ဆုံဆွေးနွေးမှု အခြေ အနေများ၊ မြေပြင်အခြေအနေနှင့် တပ်ပိုင်းဆိုင်ရာကိစ္စများစပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာသည့်ကိုယ်စားလှယ်များက နိုင်ငံရေးပြဿနာကို လက်နက်ကိုင်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းလမ်းဖြင့်သာဖြေရှင်းရေး၊ တန်းတူရေးကို အခြေခံသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ နှစ်ဖက်တပ်များအကြား အငြင်းပွားဖွယ်ရာကိစ္စများ ဖြစ်ပွားလာပါကလည်း တွေ့ဆုံညှိနှိုင်းခြင်းဖြင့် ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ရေး၊ ဒေသတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များ မရှိစေရေး၊ ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ပြီး ရေရှည်တည်တံ့သည့်ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးနှင့် လက်ရှိ ရရှိထားသည့် ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရန် ဆက်လက်ထိန်းသိမ်းထားနိုင်ရေး၊ နှစ်ဖက်ရရှိထားပြီးသည့် သဘောတူညီချက်များနှင့် အပစ်အခတ်ရပ်စဲမှု အခြေအနေကို လေ့လာစောင့်ကြည့်ခြင်း၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစား၊ အွန်လိုင်းလိမ်လည်မှုများနှင့် နယ်မြေကျော်လွန်ခြင်းကိစ္စများနှင့် ပတ်သက်ပြီး ချက်ချင်းဖြေရှင်းနိုင်မည့် အဖွဲ့စုံပါဝင်သည့် အဖွဲ့တစ်ရပ် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကိစ္စများအား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယင်းနောက်ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်မှ ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ သတင်းစဉ်

☆ စာမျက်နှာ ၂၄ မှ

အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြိုဆိုကြသည်။

ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာသောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# အိတ်ဖွင့်တင်ဒါဖွင့်ပွဲ ကျင်းပ

ညောင်ဦး ဇွန် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန ညောင်ဦးခရိုင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား တင်ဒါစနစ်ဖြင့် အိတ်ဖွင့်တင်ဒါဖွင့်ပွဲကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ညောင်ဦးခရိုင် လမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အိတ်ဖွင့်တင်ဒါဖွင့်ပွဲတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး လမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေငြိမ်းစိုး (မြို့ပြ)က တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တင်ဒါတင်သွင်းသူများက တင်ဒါစိစစ်ရွေးချယ်ခြင်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြကာ တင်ဒါဈေးနှုန်းယှဉ်ပြိုင်ခြင်းနှင့် တင်ဒါအောင်မြင်သူစာရင်းများ ကြေ်ငြာခြင်းတို့အား ဆောင်ရွက်ပေးခဲ့ပြီး ညောင်ဦးခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ (၄၈၁)

# (၁၀)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံရေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (10th Myanmar-Thai Navy to Navy Talks)ကျင်းပ

နေပြည်တော် ဇွန် ၁၂

ရန်ကုန်မြို့၌ ပြုလုပ်သည့် (၁၀) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံရေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲ(10th Myanmar-Thai Navy to Navy Talks) သို့ တက်ရောက်ရန်အတွက် ထိုင်းဘုရင့်ရေတပ် Naval Operations Department, Office of Policy and Planning မှ Director ဖြစ်သူ Rear Admiral Chaksawat Saiwong ဦးဆောင်သောကိုယ်စားလှယ် အဖွဲ့သည် ဇွန် ၉ ရက်နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး တပ်မတော်(ရေ)မှ ကိုယ်စားလှယ်အဖွဲ့နှင့် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ရေဝတီရေတပ်စခန်းဌာနချုပ်၌ တွေ့ဆုံဆွေးနွေး ပွဲပြုလုပ်ကြသည်။




### ဆွေးနွေး

တွေ့ဆုံရာတွင် နှစ်နိုင်ငံရေတပ်ဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက် ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် ညှိနှိုင်းကင်းလှည့်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စစ်ရေယာဉ်များ အပြန်အလှန် လည်ပတ်စဉ် ဆောင်ရွက်မည့်အစီအစဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးချက်များအား သဘောတူ လက်မှတ်ရေးထိုးပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် သန်လျင်တပ်နယ်၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ပြုလုပ်ခဲ့ပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်သည်။

ရေတပ် လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိစဉ် ထိုင်းဘုရင့်ကိုယ် စားလှ ယ် အဖွဲ့ သည် တပ်မတော်(ရေ)နှင့် ထိုင်းဘုရင့်ရေတပ်တို့၏ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို ကြည့်ရှုခြင်းနှင့် ရေတပ်လေ့ကျင့်ရေးဆိုင်ရာ ဆင်မြူလေတာများ၏ သရုပ်ပြသမှုများကို လှည့်လည်ကြည့်ရှု၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

ထိုင်းဘုရင့် ရေတပ်မှကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ် စစ်သံမှူးတို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၃ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဖိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့် အတူ ပြန်လည် ဝင်ရောက်လာကြသည့် ရွှေတောင်မြို့မှ အမျိုးသား နှစ်ဦး၊ ရေတာရှည်မြို့မှ အမျိုးသား နှစ်ဦး၊ အုတ်ဖိုမြို့မှ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးသုံးဦး၊ နေပြည်တော် ကောင်စီနယ်မြေမှ အမျိုးသား တစ်ဦး၊ တောင်ကုတ်မြို့မှ အမျိုးသား တစ်ဦး၊ တာမွေမြို့နယ်မှ အမျိုးသား တစ်ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား တစ်ဦး၊ သဲကုန်းမြို့မှ အမျိုးသား တစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား တစ်ဦး၊ တိုက်ကြီးမြို့မှ အမျိုးသား တစ်ဦး၊ ပုသိမ်မြို့မှ အမျိုးသား တစ်ဦး၊ ဇလွန်မြို့မှ အမျိုးသား တစ်ဦး၊ ဒိုက်ဦးမြို့မှ အမျိုးသား တစ်ဦး၊ မြင်းမူမြို့မှ အမျိုးသမီး တစ်ဦး၊ နတ်မောက်မြို့မှအမျိုးသမီး တစ်ဦး၊ ပန်းတောင်းမြို့မှ အမျိုးသမီး တစ်ဦး၊ ဇီးကုန်းမြို့မှ အမျိုးသမီး တစ်ဦး စုစုပေါင်း PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့အား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသည့်အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် ပတ်သက်၍ အသိပညာပေး စကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက်ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 သေနတ် တစ်လက်၊ MA-2 သေနတ်တစ်လက်၊ M-16သေနတ် နှစ်လက်၊ M-4 သေနတ် လေးလက်၊ လက်လုပ်လက်ပစ်ဗုံး တစ်လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ ၅ ဒသမ ၅၆ မမကျည် အတောင့် ၂၀၊ ကျည်အိမ် ခုနစ်ခု၊ အမ် ၄ ကျည်အတောင့် ၁၂၀ နှင့် အမ် ၁၆ ကျည် ၁၇ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ရှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၄၀၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်း၊ ရှေ့ထွက်မိုင်း တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှင့် အလင်းဝင်ရောက်လာသူ ၂၃ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီပေးအပ်ကာ ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပေးရာ အလင်း ဝင်ရောက်လာသူများ၏ ကိုယ်စား အလင်းဝင်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်တော်က ၃၈၀၁ မှာပါ။ အဲဒီမှာကတော့ မကြာဘူး။ ကျွန်တော် ၂၀၂၁၊ ၄/၅ လ လောက်ပဲ ကြာလိုက်တယ်။ အဲ့ဒီကနေပြီး ရခိုင်ကို ရောက်သွားတယ်။ အဓိကတော့ လက်နက်မရှိတော့ လက်နက်ရှိတဲ့နေရာသွား ပူးတွဲတိုက်ပေးရတာပေါ့။ ကျွန်တော်တို့ အစပိုင်းကတော့ ယူဆမိတယ်။ အခုနောက်ပိုင်း တော်တော်များများကတော့ အောင်မြင်မယ်လို့လည်း မထင်မိတော့ဘူး။ ဘယ်လိုအကြောင်းကြောင့်လဲဆိုတော့ အကျင့်ပျက် ခြစားတဲ့ ပုဂ္ဂိုလ်တွေကြောင့်ပါ။ တချို့ ခေါင်းဆောင်တွေ ဆိုရင် ကောင်းမွန်တဲ့ ကားတစ်စီးနဲ့ သွားတယ်၊ လာတယ် KTV တွေ တက်တယ်။ အောက်ခြေကရဲဘော်တွေကတော့ ရှေ့မှာ အသက်တွေ ပေးလို့ပေါ့နော်။ ဒါမျိုးတွေလည်း ကြုံတွေ့နေရတယ်။ အလင်းဝင်ဖို့ကတော့ ကြာပါပြီ။ အခွင့်မသာလို့ပေါ့နော်။ အရင်ဆုံး အမေ့ကို လှမ်းပြောတယ်။ အလင်းဝင်သင့်လားလို့။ အမေကလည်းပြန်ပြီး အလင်းဝင်ဖို့ပြောတယ်။ ဒီဘက်မှတစ်ဆင့် အစ်ကိုကြီး လှမ်းချိတ်တယ်။ ချိတ်ပြီးတော့မှ ပြန်ဝင်တာပါ။ မဝင်ခင်ကတော့ တော်တော်လည်း စိုးရိမ်မှုတွေ ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ကြားထားတာနဲ့ တခြားစီပါ။ ဒီဘက်ရောက်တော့ ကျွန်တော်တို့ကို ကြိုဆိုပါတယ်။ လိုအပ်ချက် မရှိအောင်လည်း အကုန်လုံး ဆောင်ကြဉ်းပေးတယ်။ စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ကအစ အကုန်လုံးပြည့်ပြည့်စုံစုံပါပဲ။ ကိုယ့်အိမ်မှာတောင် အဲလောက်ထိ မပြည့်စုံဘူး။ သူတို့ဟိုဘက်မှာ ဝါဒဖြန့်ထားတာတွေက ဒီဘက်သွားလို့ရှိရင် အလင်းဝင်တာပဲဖြစ်ဖြစ်၊ အဖမ်းဆီးခံရတာပဲဖြစ်ဖြစ်၊ သတ်ဖြတ်တာမျိုးတို့၊ ပြီးရင် ထောင်ချတာမျိုး ရှိတယ်လို့ ပြောတယ်။ ကျွန်တော်တို့ ကိုယ်တိုင်ဝင်လာတော့ အခုကျွန်တော်တို့ အေးဆေးပါပဲ။ အခု ကိုယ့်အိမ်ကို ပြန်ရမယ်လေ။ ကျွန်တော့်အနေနဲ့ကတော့ ဟိုဒီတွေဝေမနေကြပါနဲ့လို့ ပြောချင်ပါတယ်။ ကျွန်တော့်ညီအစ်ကိုတွေ အကုန်လုံး ကိုယ့်အိမ်ကိုယ့်ရာကို ပြန်ရပါတယ်။ ပြန်ပြီးတော့ တပ်မတော်ကလည်း နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပါတယ်။ ဘာမှလည်း မလုပ်ပါဘူးလို့ ပြောချင်တယ်။ ကိုယ့်မိဘရှိရာ ကိုယ်ပြန်အပ်ပေးတယ် ပြီးရင်





ကျွန်တော်တို့ကို ထောက်ပံ့မှုတွေ ပေးတယ်၊ အလုပ်အကိုင်တွေက အစ အကုန်ပေးပါတယ်။ အဲ့အထဲမှာ ရှိနေတဲ့၊ အမှောင်ထဲမှာ ရှိနေတဲ့သူအကုန်လုံး ကျွန်တော်တို့ ပြန်ပြီးတော့ ဖိတ်ခေါ်ချင်ပါတယ်။

၂။ သူငယ်ချင်းတွေ စုပြီးတော့ ငါတို့လည်း ဝင်ကြမယ်ပေါ့။ လိုင်းပေါ်ကနေ သူငယ်ချင်းတွေနဲ့ ချိတ်ပြီးတော့ ဝင်သွားတာ။ ပထမ ကျွန်တော်တို့က တပ်ခွဲကနေ ပြီးတော့ တာဝန်ထမ်းဆောင်တာ။ တပ်ခွဲကနေပြီးတော့ ရာထူးတက်သွားတော့ ရင်းဖြစ်သွားတာ။ ရင်းမှာ ဆက်ပြီး တာဝန်ထမ်းဆောင်တာ။ တိုက်ပွဲကတော့ ခေါ်တာတော့ လိုက်ဖူးတယ်။ ဒါပေမဲ့ ပွဲထဲကို ထိထိရောက်ရောက်တော့ မရောက်ခဲ့ဘူး။ မိသားစုတွေနဲ့ကတော့ အဆက်အသွယ်ရတယ်။ ကိုယ်ဝင်ကတည်းက မိသားစုတွေကတော့ သဘောမကျဘူး။ အလင်းဝင်ဖို့ကျတော့ ကျွန်တော်တို့ မြို့နယ်ကပဲ အဲဒီကနေ ချိတ်ဆက်ပြီး ဝင်လိုက်တာ။ ကြောက်တော့ ကြောက်ခဲ့တယ်။

ဒီလို အလင်းဝင်ဖို့ဆိုတာတော့ ကိုယ်တစ်ယောက်တည်း မဟုတ်ဘူး၊ ကိုယ့်အဖွဲ့အစည်းမှာလည်း ဝင်ချင်တဲ့သူတွေရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီဘက်ကို ဝင်လိုက်ပြီဆိုရင် ဒီဘက်က ကိုယ်ထင်ထားသလို မဖြစ်မှာလည်း ကြောက်တယ်။ ဟိုဘက်ကလည်း အဲဒီအတိုင်းပဲ။ အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ အခုရုံးပေါ်မှာ ရောက်နေတဲ့ လူငယ်တွေ အကုန်လုံး ကိုယ့်အိမ်ကို ပြန်ချင်နေကြတဲ့ သူတွေချည်းပဲ။ ကျွန်တော် တစ်ယောက်တည်း မဟုတ်ဘူး၊ ကျွန်တော်လည်း အဖွဲ့အစည်းထဲမှာ နေလာတာ ဖြစ်တဲ့အတွက် အဖွဲ့အစည်းက လူတွေအကြောင်းကို သိတယ်။ သူတို့လည်း သူတို့အိမ် သူတို့ ပြန်ချင်တယ်။ ဒါပေမဲ့ ဒီဘက်ကို အလင်းဝင်ဖို့ ဆိုတာလည်း တွန့်ဆုတ်တယ်။ ဘာလို့လဲဆိုတော့ ဘယ်လိုပုံစံမျိုးနဲ့ ဘယ်လိုဖြစ်မလဲဆိုတာ ဘယ်သူမှ မသိကြဘူး။

အကုန်လုံးနီးပါးကတော့ ကိုယ့်အိမ်ကိုယ် ပြန်ချင်နေကြပြီ။ စိတ်တွေ မပါကြတော့ဘူး။ နှစ်တွေလည်း ကြာနေပြီဆိုတော့။ ကိုယ်က ဟိုဘက်ထဲကနေပြီးတော့ ဒီဘက်ထဲကို ဝင်လာတယ်ဆိုပြီးတော့ မတူဘူးပေါ့။ ဒါပေမဲ့ ဒီဘက်ရောက်တော့ နွေးနွေးထွေးထွေးနဲ့ အကောင်းဆုံး ကြိုဆိုတယ်။ ကိုယ်တွေ ထင်ထားတာထက်တောင် ပိုပြီးတော့ ကောင်းမွန်ပါတယ်။ သူတို့ကိုလည်း သူတို့မိဘတွေနဲ့ ဆုံစည်း ပြန်နေစေချင်တယ်။ အကုန်လုံးကို ဒီကနေ ဖိတ်ခေါ်တယ်။ မိသားစု စုံစုံလင်လင်နဲ့ ဖြစ်စေချင်တယ်။ **သတင်းစဉ်**

## အသိပညာပေးဟောပြောပွဲနှင့် စာအုပ်ပြပွဲကျင်းပ

**မကွေး ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၌ ၂၀၂၆ ခုနှစ်၊ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြို အသိပညာပေးဟောပြောပွဲနှင့် စာအုပ်ပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အ.ထ.က(ခွဲ) ကန်သာကျောင်း၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် အ.ထ.က(ခွဲ)ကန်သာကျောင်းမှ ဒေါ်ရီရီသန်း(အထက်တန်းပြ) ဆရာမကြီးက အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက "မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး" ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးအမျိုးမျိုး၊ မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးသုံးစွဲရခြင်းအကြောင်းအရင်းများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ စသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များကို ဖတ်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**မောင်ခိုင်မင်း(ပြန်/ဆက်)**

# နိုင်ငံတကာ အားကစား သတင်းများ



## တောင်ကိုရီးယားအသင်းက ချက်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၁၂**

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (A)ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက တောင်ကိုရီးယားအသင်းနှင့် ချက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ကိုရီးယားအသင်းက ချက်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

တောင်ကိုရီးယားအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆၇ မိနစ်တွင် ဘွန်ဟာမ်၊ ပွဲချိန်မိနစ် ၈၀ တွင် ဟွန်းဂျင်အိုတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

တောင်ကိုရီးယားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (A)ဒုတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၉ ရက်တွင် မက္ကဆီကိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## ရော့ဘ်အက်ဒ်ဝပ်စ်ကို နည်းပြရာထူးမှ ဝုဖ်အသင်း ထုတ်ပယ်

**လန်ဒန် ဇွန် ၁၂**

ဝုဖ်အသင်းသည် အသင်းနည်းပြ ရော့ဘ်အက်ဒ်ဝပ်စ်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ဝုဖ်အသင်းသည် ၂၀၂၅-၂၀၂၆ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရပြီးနောက် နည်းပြ ရော့ဘ်အက်ဒ်ဝပ်စ်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။



နည်းပြ ရော့ဘ်အက်ဒ်ဝပ်စ်သည် ဝုဖ်အသင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၃၀ ပွဲတွင် ၅ ပွဲနိုင်၊ ၉ ပွဲသရေ၊ ၁၆ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။ **(ဝဲပုံ)**

ဝုဖ်အသင်း၏ထုတ်ပြန်ချက်တွင် "နည်းပြ ရော့ဘ်အက်ဒ်ဝပ်စ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

**(NGB)**

## အီလီမန်အန်ဒီယာယီကို ခေါ်ယူရန် မန်ယူအသင်း စီစဉ်

**လန်ဒန် ဇွန် ၁၂**

မန်ယူအသင်းသည် အဲဗာတန်အသင်း တောင်ပံကစားသမား အီလီမန်အန်ဒီယာယီကို ခေါ်ယူရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၂၄-



၂၀၂၅ မှ ၂၀၂၅-၂၀၂၆ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၁ပွဲကစားပြီး ၁၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အဲဗာတန်အသင်းကလည်း အီလီမန်အန်ဒီယာယီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် အဲဗာတန်အသင်းမှ အီလီမန်အန်ဒီယာယီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

### ဘောလုံးသတင်းအတိုအထွာများ

* ရီးရဲလ်မက်ဒရစ်အသင်းသည် နည်းပြ မော်ရင်ဟိုကို နည်းပြသစ်အဖြစ် သုံးနှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

* လီဗာပူးအသင်းသည် အင်တာမီလန်အသင်း နောက်ခံကစားသမား ဘတ်စ်တိုနီကို ခေါ်ယူရန် အလျင်အမြန်စီစဉ်လျက်ရှိသည်။ **(NGB)**

## ဂွျန်ဂူရီဒီကို ဆီဗီလာအသင်းခေါ်ယူ

**မက်ဒရစ် ဇွန် ၁၂**


ဆီဗီလာအသင်းသည် အလာဗက်စ်အသင်း ကွင်းလယ်ကစားသမား ဂွျန်ဂူရီဒီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဆီဗီလာအသင်းနှင့်အတူ ၂၀၂၈ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ဂွျန်ဂူရီဒီသည် အလာဗက်စ်အသင်းနှင့်အတူ ၂၀၂၂ မှ ၂၀၂၆ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၁၃၅ပွဲကစားကာ ခုနစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆီဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဆီဗီလာအသင်းသည် ဈေးကွက်အတွင်းတွင် ကစားသမားသုံးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## မာတင်အိုနေးလ်ကို နည်းပြသစ်အဖြစ် ဆဲလ်တစ်အသင်း ခန့်အပ်

**လန်ဒန် ဇွန် ၁၂**



ဆဲလ်တစ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ မာတင်အိုနေးလ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဆဲလ်တစ်အသင်းနှင့်အတူ တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့သည်။ **(ယာပုံ)**

နည်းပြ မာတင်အိုနေးလ်သည် နည်းပြဘဝတစ်လျှောက်တွင် လက်စတာစီးတီး၊ ဆန်းဒါးလန်း၊ အက်စတွန်ဗီလာစသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဆဲလ်တစ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၇၄)နှစ်အရွယ်ရှိ မာတင်အိုနေးလ်က "ဆဲလ်တစ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ"ဟု ပြောသည်။

**(NGB)**

## ဘူတက်ဇ် ကိုမိုအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဇွန် ၁၂**

ကိုမိုအသင်းသည် အသင်းဂိုးသမား ဘူတက်ဇ်ကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ ဂိုးသမားသည် ကိုမိုအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၂ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

အသက်(၃၁)နှစ်အရွယ်ရှိ ဘူတက်ဇ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းဟာ ကျွန်တော့်အတွက် ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ။ လာမယ့် ဘောလုံးရာသီမှာလည်း ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာကို ရယူသွားမှာပါ"ဟု ပြောသည်။**(NGB)**

## 2026 Libéma Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Zhizhen Zhang တက်ရောက်

**လန်ဒန် ဇွန် ၁၂**

နယ်သာလန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Libéma Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တရုတ်တင်းနစ်ကစားသမားZhizhen Zhang တက်ရောက်ခဲ့သည်။

အဆိုပါ တရုတ်တင်းနစ်ကစားသမားZhizhen Zhang သည် 2026 Libéma Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အိမ်ရှင်နယ်သာလန်တင်းနစ်ကစားသမား Tallon Griekspoor ကို ၇-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။**(အောက်ပုံ)**

2026 Libéma Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် တရုတ်တင်းနစ်ကစားသမား Zhizhen Zhangနှင့် ပြင်သစ်တင်းနစ်ကစားသမား Adrian Mannarinoတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(NGB)**



## ရီဂျီနာဗန်အိုင်ဂျက်ခ်ကို ဘိုင်ယန်မြူးနစ်အမျိုးသမီးအသင်းခေါ်ယူ

**မြူးနစ် ဇွန် ၁၂**

ဘိုင်ယန်မြူးနစ်အမျိုးသမီးအသင်းသည် အေဂျက်စ်အမျိုးသမီးအသင်း ဂိုးသမား ရီဂျီနာဗန်အိုင်ဂျက်ခ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(ယာပုံ)**

အဆိုပါဂိုးသမားသည် ဘိုင်ယန်မြူးနစ် အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

ဂိုးသမား ရီဂျီနာဗန်အိုင်ဂျက်ခ်သည် အေဂျက်စ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၈၄ ပွဲကစားကာ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။




အသက်(၂၄)နှစ်အရွယ်ရှိ ရီဂျီနာဗန်အိုင်ဂျက်ခ်က "ကျွန်မ ဘိုင်ယန်မြူးနစ်အမျိုးသမီးအသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအတွက် အကောင်းဆုံးပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**

### ၂၀၂၆ ကမ္ဘာ့ဖလား(အုပ်စုပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၁၄-၆-၂၀၂၆ နံနက်၀၁း၃၀နာရီ | B | ကာတာ - ဆွစ်ဇာလန် |
| ၁၄-၆-၂၀၂၆ နံနက်၀၄း၃၀နာရီ | C | ဘရာဇီး - မော်ရိုကို |
| ၁၄-၆-၂၀၂၆ နံနက်၀၇း၃၀နာရီ | C | ဟေတီ - စကော့တလန် |
| ၁၄-၆-၂၀၂၆ နံနက်၁၀း၃၀နာရီ | D | ဩစတြေးလျ - တူရကီ |

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း Football For School Program ဖွင့်ပွဲသို့ တက်ရောက်

**မန္တလေး ဇွန် ၁၂**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ Smart School နှင့် Football For School Program ကို ကနဦးအနေဖြင့် တိုင်းဒေသကြီး ခြောက်ခုတွင် Smart School နှင့် Football For School Program အဖြစ် Pilot Project စတင်ဆောင်ရွက်ရာ မန္တလေးတိုင်းဒေသကြီးတွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက Football For School Program ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အခြေခံပညာဦးစီးဌာန၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကာယပညာနှင့် အားကစားသည် ပညာရေး၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကာယပညာဘာသာရပ်ကို သင်ကြားပေးမည့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍလည်းပါဝင်ကြောင်း၊ ကျောင်းတွင်ရှိသည့် ကစားကွင်းများကို ဖော်ထုတ်ပြီး အမြဲသက်ဝင်လှုပ်ရှားနေအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ယခု Football For School Program မှ ရရှိလာသည့် သင်ခန်းစာများကို စနစ်တကျပြန်လည်ပို့ချရင်း နိုင်ငံတော်မှ အားထားရသည့် အဖိုးတန်လူ့စွမ်းအား အရင်းအမြစ်များ ကောင်းမွန်စွာဖြစ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကလည်း ကျောင်းစာများကို သင်ယူရင်း ပညာကိုအခြေခံပြီး ကိုယ်ကာယလှုပ်ရှားမှုများနှင့် အားကစားကို လက်တွေ့နယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဘောလုံးအားကစားနည်းကို လေ့ကျင့်သင်ကြားပေးမည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများသို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ ထောက်ပံ့လှူဒါန်းသည့် Adidas Size(No-4)အမျိုးအစားဘောလုံး ၄၅၇၆ လုံးကို တာဝန်ရှိသူများက တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးအပ်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခြေခံပညာကျောင်းများမှ ကာယပညာဘာသာရပ်ကို သင်ကြားပေးသည့် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







# ရမည်းသင်းခရိုင်အတွင်း ဝါသီးနှံတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ရမည်းသင်း ဇွန် ၁၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရမည်းသင်းမြို့နယ်အတွင်း ဝါစိုက်တောင်သူများနှင့် ဝါသီးနှံတန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်နိုင်ရေးညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၁ ရက်က ရမည်းသင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဝါစိုက်တောင်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ဝါစိုက်ပျိုးရေးလုပ်ငန်းများ တန်းဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်အကြံပြုရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျေးရွာလေးရွာမှ တောင်သူများက ဝါစိုက်ပျိုးမှုအခြေအနေများ၊ ဝါစိုက်ပျိုးသည့် ဝါအမျိုးအစားများ၊ တစ်ဧကထွက်နှုန်းဝါ၊ တစ်ပိဿာဈေးနှုန်းများ၊ လက်ရှိဝါရောင်းချသည့်ပုံစံများ၊ လက်ရှိဝါတစ်ဧက အကျိုးအမြတ်များကို ဆွေးနွေးတင်ပြကြပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည့်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

**အောင်ရဲကျော်**



- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မြို့ရေပေးဝေရေး ရေလှောင်ကန်အနီး သန့်ရှင်းရေးဆောင်ရွက်

**မူဆယ် ဇွန် ၁၂**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့ ရေပေးဝေရေး ရေလှောင်ကန်အနီး သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ယနေ့ နံနက် ၈ နာရီတွင် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန၏ ရက် (၁၀၀)စီမံချက်တွင်ပါဝင်သော မူဆယ်မြို့ဝင် ဆိုင်းဘုတ်အနီးရှိ မြို့ရေပေးဝေရေး ရေလှောင်ကန်အနီးတွင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းစသည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းအား မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ၊ ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွဋ်(အင်ဂျင်နီယာမှူး)တို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန ပျိုးဥယျာဉ်ဌာနစိတ်၊ ဈေးနှင့် သားသတ် ဌာနစိတ်၊ သန့်ရှင်းရေးဌာနစိတ်တို့မှ ဝန်ထမ်းအင်အား ၅၀ ဦး၊ သန့်ရှင်းရေးယာဉ် သုံးစီးတို့ဖြင့် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**



# မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ဒေါ်သီဂီအောင်နှင့် ဝန်ထမ်းများ တွေ့ဆုံပွဲကျင်းပ

**အမရပူရ ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်နှင့် တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရှိ ဝန်ထမ်းများ တွေ့ဆုံပွဲကို အဆိုပါရုံးရှိ အစည်းအဝေးခန်းမဆောင်၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရှိ ဝန်ထမ်းများက တစ်ဦးချင်းမိတ်ဆက်ခဲ့ကြကာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဒေါ်သီဂီအောင်က မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရှိ လုပ်ငန်းသုံးစက်ကိရိယာများ ပြင်ဆင်ထားရှိဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**





# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (၃၁)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**မန္တလေး ဇွန် ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (၃၁)နှစ်ပြည့်နှစ်ပတ်လည်နေ့အထိမ်းအမှတ်စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မန်းတောင်ရိပ်ကိုးထပ်ဆောင်အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာမြင့်မိုရ်ရှိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်နီလာထွန်း၊ ခရိုင်ဦးစီးမှူးများ နှင့် မြို့နယ်ဦးစီးမှူးများ၊ သွေးလှူရှင်ဝန်ထမ်းများ၊ မန္တလေးပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး၊ သွေးလှူဘဏ်တာဝန်ခံဆရာဝန်ကြီး ဒေါက်တာစုလှိုင်ဦး၊ သူနာပြုအုပ်နှင့် သူနာပြုဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်း ၅၄ ဦးတို့က သွေးလှူဒါန်းကြရာ သွေးလှူဘဏ်ဆရာဝန်ကြီးနှင့်ဆရာဝန်များ၊ သူနာပြုများက လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်၍ ဝန်ကြီးများနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူရှင်များကို ကြက်ဥ၊ ငှက်ပျောသီး၊ ရှိုင်ရယ်ဒီ၊ ပေါင်မုန့်၊ ဘီစကွတ်နှင့် မျက်နှာသုပ်ပဝါတို့ကို ဂုဏ်ပြုပေးအပ်ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးစိုးလွင်က သွေးအိတ် ၅၄ အိတ်ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝ၉၃)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများ ထုတ်ပြန်

**မန္တလေး ဇွန် ၁၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ဇွန် ၁၂ ရက်မှ ဇွန် ၁၈ ရက်အထိ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ငွေကျပ် ၇၃၀၀ ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်ကား၊ လက်လီ ရောင်းချမည့် ဈေးနှုန်းများကိုလည်း ရန်ကုန်အထိုင်ဈေးအပေါ် မူတည်ပြီး ကော်မတီမှသတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ် အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် ၂ ရာခိုင်နှုန်းထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကားဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန် ၁၂ ရက်မှ ဇွန် ၁၈ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများ အလိုက် စားအုန်းဆီ တစ်ပိဿာ၏ လက်လီ ဈေးနှုန်းများမှာ မန္တလေးမြို့ ငွေကျပ် ၈၅၈၅၊ မိတ္ထီလာမြို့ ငွေကျပ် ၈၄၁၅၊ ရမည်းသင်းမြို့ ငွေကျပ် ၈၃၉၀၊ ကျောက်ဆည်မြို့ ငွေကျပ် ၈၅၄၀၊ ပြင်ဦးလွင်မြို့ ငွေကျပ် ၈၆၃၀၊ မြင်းခြံမြို့ ငွေကျပ် ၈၆၆၀၊ ညောင်ဦးမြို့အတွက် ငွေကျပ် ၈၅၇၀ ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀



သင့်သွေးဖြင့်
အသက်
ကယ်ပါ။

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇွန် ၁၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၌ ရက်(၁၀၀)စီမံချက်အဖြစ် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းနှင့်ပညာပေးခြင်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မိုရ်ရှိုး၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ သင်းသင်းနွယ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ သီသီခိုင်(ရကပန)၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန့်ဇင်လင်းနှင့် ကျန်းမာရေးဝန်ထမ်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့များ၊ ချမ်းသာသုခလူမှုကူညီရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာသော ရပ်ကွက်နေပြည်သူများအား တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ သင်းသင်းနွယ်နှင့်တာဝန်ရှိသူများက ကျန်းမာရေးအသိပညာပေး ဟောပြောပြီး တက်ရောက်လာသော ရပ်ကွက်နေပြည်သူများအား ဆေးရည်စိမ်ခြင်ထောင်များ ဝေငှသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့်ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ပိုးလောက်လမ်းသေဆေး (Abate) ဆေးခပ်ခြင်းများ ဆောင်ရွက်ကြပြီး ချမ်းသာသုခကူညီရေးအသင်းမှ တစ်အိမ်တက်ဆင်းခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

# အနှစ်လေးဆယ်မှသည် ရွှေရတုဆီသို့

အောင်တင်ဝင်း(ငါ့သရောက်)



**စာအုပ်လက်ဆောင်ရသောအခါ**

ကိုတင်ဝင်းရေ…ခင်ဗျားတို့ နန်းတော်ရှေ့ စာပေတင်းကုပ် စာပေရေနွေးကြမ်းဝိုင်း ဒီမြန်မာနှစ်ဦး တနင်္ဂနွေနေ့က ပြန်စကျင်းပတာ လိုင်းပေါ်မှာ တွေ့ရတယ်ဗျာ။ ကျွန်တော်က လာချင်တာ။ ဒါပေမဲ့ နှလုံးကလည်း စက်တပ်ထားရတဲ့အပြင် လေဖြတ်ချင်သလို ဖြစ်သွားလို့ အိမ်မှာတင်နားနေရတယ်ဗျာ။ အဲ့ဒီတော့ဗျာ ကျွန်တော်က ဆရာ့ကို ကျွန်တော့် ဆောင်းပါးလေးပုဒ်တောင်ပါတဲ့စာအုပ်ကို လက်ဆောင်ပေးချင်တာ၊ အဆင်ပြေတဲ့အချိန် အိမ်ဘက်လာခဲ့ပါဦး"ဟု ဆရာခင်မောင်ဝင်း(သာသနာရေး)က (၂၄-၅-၂၀၂၆) ရက်တွင် ဖုန်းဆက်ပြောကြားလာပါသည်။

ထို့ကြောင့် နောက်တစ်နေ့တွင် မိမိနေသော အိမ်နှင့်မဝေးလှသည့် ၆၂(အေ)၊ ၁၇လမ်းနှင့်၁၈ လမ်းကြားရှိ ဆရာ့အိမ်သို့ သွားခဲ့ပါသည်။ ဆရာနှင့်လွှန်ခဲ့သော နှစ်သုံးဆယ်ကျော်က အတူတူ ဝန်ထမ်းဘဝ ဆုံရ၊ ကြုံရသည်များကို အားပါးတရ အလွမ်းပြေစကားများ ပြောဖြစ်ခဲ့ကြပါသည်။

မိမိအိမ်အပြန်တွင် ဆရာက သူ့ဆောင်းပါးများပါသော စာအုပ်တစ်အုပ်ကို လက်မှတ်ရေးထိုး၍ မေတ္တာလက်ဆောင်အဖြစ် ပေးလိုက်ပါသည်။ အိမ်ပြန်ရောက်သည်နှင့် တစ်ပြိုင်တည်း ထိုစာအုပ်ကို အစမှ အဆုံးအထိ အပြန်ပြန်အလှန်လှန် အချိန်ပေးဖတ်ရှုခဲ့ပါသည်။ ထိုစာအုပ်မှာ ဒေါက်တာဘဒ္ဒန္တအာသဘ၊ အဂ္ဂမဟာပဏ္ဍိတ(တက္ကသိုလ်သောတဇန၊ မဟာဓမ္မာစရိယ)၊ ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန၊ ပါမောက္ခ(ဌာနမှူး)နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)စီစဉ်သည့် အနှစ်လေးဆယ် တက္ကသိုလ်ဘဝ၊ တက္ကသိုလ်အလှ တက္ကသိုလ် ရသစာစုများ စာအုပ်ဖြစ်ပါသည်။ (ထိုစာအုပ်တွင် ရဟန်းစာဆို တက္ကသိုလ်တေဇာလင်း၏ ဆောင်းပါး သုံးပုဒ်ပါဝင်ပြီး ဆရာတော်ကိုယ်တိုင် လိုင်းပေါ်တင်ထားသော စာအုပ်ဖြစ်သဖြင့်လည်း ပိုမိုစိတ်ဝင်စားမိပါသည်။)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် စွယ်တော်ပုံနှိပ်တိုက်က ထိုစာအုပ်ကို ၂၀၂၆ ခုနှစ်၊ မေလတွင် အုပ်ရေ(၁၀၀၀)ကို (ပထမအကြိမ်)အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ (ထိုစာအုပ်တွင် စာအုပ်တန်ဖိုးမပါသဖြင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူ၍ မရနိုင်လောက်ပါ။ စာအုပ်လိုချင်သူ၊ စာပေမြတ်နိုးသူများအနေဖြင့် ထိုစာအုပ်ကို စီစဉ်သူ၊ အလှူရှင်များနှင့် စာမူပါသူများထံ အမြန်ချဉ်းကပ်နိုင်ပါက အဆင်ပြေနိုင်လောက်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။)

ထိုစာအုပ်မာတိကာတွင် အလှူငွေငါးသိန်းလှူထားသည့် ဓမ္မကထိက ရွှေဆံနွယ်ဆရာတော် ဒေါက်တာ အရှင်ဝါယာမာနန္ဒ၊ မြန်မာစာပေဌာန၊ ကထိကအပါအဝင် အခြားအခြား အသီးသီးသော အလှူရှင်(၃၂)တို့၏ စာရင်းစီစဉ်သူ၏ အမှာစာ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ ဘဝ၊ အလှနှင့် ရသများကို ဖော်ညွှန်းသီကုံးရေးဖွဲ့ထားသော စာမူ(၄၈)ပုဒ် ပါဝင်ပါသည်။ ထို့အပြင် မင်းကွန်းတိပိဋကဓရ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကထိကများ၊ မော်ကွန်းထိန်းများ၊ ဥပဋ္ဌာကအဖွဲ့၊ စာမူရှင်များ၏ ဓာတ်ပုံများကိုလည်း ဖော်ပြထားပါသည်။ စာမျက်နှာပေါင်း (၃၃၁)မျက်နှာ ပါရှိပါသည်။

(တစ်ဦးတစ်ယောက်သောသူက သင့်အား စေတနာ၊ မေတ္တာအပြည့်ဖြင့် စာအုပ်တစ်အုပ်ကို မေတ္တာလက်ဆောင်ပေးလာခဲ့ပါလျှင် သင်သည် ထိုစာအုပ်ကို ဖတ်ဖြစ်အောင်ဖတ်သင့်ပါသည်။

မှတ်သားသင့်သည်များကိုလည်း မှတ်သားသင့်ပါသည်။ ရှောင်ရှားသင့်သည်များကိုလည်း ရှောင်ရှားသင့်ပါသည်။ လိုက်နာကျင့်သုံးသင့်သည်များကိုလည်း လိုက်နာကျင့်ကြံကြိုးစားအားထုတ်သင့်ပါသည်။ သို့မှသာ သင့်ကို စေတနာ မေတ္တာအပြည့်ဖြင့် မေတ္တာလက်ဆောင်ပေးလာသူကို လေးစားတန်ဖိုးထားရာ ရောက်ပါလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်သည်လည်း . . . ။)

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ သမိုင်းအကျဉ်း**

၁၃၄၂ ခုနှစ်၊ နယုန်လဆန်း(၁၁၊ ၁၂၊ ၁၃)ရက်၊ ၁၉၈၀ ပြည့်နှစ်၊ မေ (၂၄၊ ၂၅၊ ၂၆)ရက်များတွင် ရန်ကုန်မြို့ မဟာပါသဏလိုဏ်ဂူသိမ်တော်ကြီးမှာ (ပထမ)အကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အစည်းအဝေးကြီးကို ကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေးကြီးမှ နိုင်ငံတော် သံဃမဟာနယကအဖွဲ့ ပေါ်ပေါက်ပေါက်ဖွားလာခဲ့ပါသည်။ (ပထမ)အကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမှာ ပဲခူးမြို့ မြို့မဆရာတော်ကြီး ဘန္ဒန္တကုဏ္ဍာဘိဝံသ ဥက္ကဋ္ဌ၊ မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသက အကျိုးတော်ဆောင် ဖြစ်ပါသည်။

ထိုပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် အောက်ပါပရိယတ္တိပညာရေးစီမံကိန်း (၄)ရပ်ကိုအကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့ပါသည်-



Photo By Internet

(က) တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ စနစ်တကျ ပြုပြင်ကျင်းပပေးရန်၊

(ခ) ပါဠိပထမပြန်စာမေးပွဲ ပြုပြင်ကျင်းပသွားရန်၊

(ဂ) ပြည်နယ်၊ တိုင်းများတွင် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတစ်ခုစီ ဖွင့်လှစ်ရန်၊

(ဃ) ရန်ကုန်နှင့်မန္တလေးတွင် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများဖွင့်ရန် (အမှတ်စဉ်(ဂ)/(ဃ)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၃) အကျိုးတော်ဆောင် မင်းကွန်းဆရာတော်ဘုရားကြီးကို တာဝန်လွှဲအပ်တော်မူခဲ့ပါသည်။

ထိုသို့ တာဝန်လွှဲအပ်သည့်အခါ မင်းကွန်းဆရာတော်ဘုရားကြီးသည် သိကြားမင်း၏ ဝိသကြုံနတ်ဗိသုကာကြီးပမာ တက္ကသိုလ်တည်ထောင်နိုင်သည့် အနေအထားအရ သာသနိက အဆောက်အအုံဆောက်လုပ်ပြီးစီးမှုကို အလေးပေးဆောင်ရွက်တော်မူခဲ့ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အထက်ပါဆုံးဖြတ်ချက်အတိုင်း ပရိယတ္တိပညာရေး (တက္ကသိုလ်)ကော်မတီကို ဗဟိုဝန်ဆောင်ဆရာတော် (၁၀)ပါးတို့ဖြင့် ဖွဲ့စည်းပေးပြီး တက္ကသိုလ်ဆိုင်ရာ စီမံချက်၊ စည်းကမ်းမူကျမ်းကိုရေးဆွဲကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်သွင်းစေခဲ့ပါသည်။

ယင်းပရိယတ္တိပညာရေး(တက္ကသိုလ်)ကော်မတီက တင်ပြလာသောမူကြမ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ အထူးအစည်းအဝေးက အတည်ပြုခြင်းကို သံဃမဟာနာယက(၄၅)ပါး စုံညီဒသမအစည်းအဝေးက "ပရိယတ္တိပညာရေးတက္ကသိုလ်" ဟူသော အမည်အစား "နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်" အမည်ပြောင်းလဲ၍ ထပ်ဆင့်အတည်ပြုခဲ့ပါသည်။ (ထိုစည်းမျဉ်းမူကြမ်းကို ၁၉၄၅ ခုနှစ်၊ နယုန်လဆန်း(၁၃)ရက်၊ (၁၉၈၃ ခုနှစ်၊ ဇွန် (၂၃) ရက်၊ ကြာသပတေးနေ့တွင် ကျင်းပသော ပထမအကြိမ် နိုင်ငံတော်ဗဟိုဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကြီးက ထပ်မံအတည်ပြုပေးခဲ့ပါသည်။)

၁၃၄၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁၃)ရက်၊ (၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ကျင်းပသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် အစည်းအဝေးက မင်းကွန်းတိပိဋကဓရ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဦးဆောင်သော တိ-နိသာသနာပြုအဖွဲ့အား "ကျောင်းတိုက်မြေနေရာရရှိ၍ တက္ကသိုလ်တည်ဆောက်နိုင်သည့်အနေအထားအထိ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးသောအခါ ထိုမြေကွက်နှင့်တကွ အဆောက်အအုံအားလုံးကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား ပေးအပ်လှူဒါန်းရန် တာဝန်ပေးအပ်ခဲ့ပါသည်။

မင်းကွန်းဆရာတော်ကြီး အမှူးပြုသော တိ-နိသာသနာပြုအဖွဲ့သည် မန္တလေးမြို့၊ နန်းတော်ရှေ့ (၆၂)လမ်းတွင် တည်ရှိသော သီပေါမင်း၏မိဖုရားကြီး ဆောက်လုပ်လှူဒါန်းထားသော မဟာဝိဇယပုညမှန်ကျောင်းတိုက်၌ သီတင်းသုံးနေသော နွယ်ခွေဆရာတော်ထံမှ မြေနေရာကို အလှူခံခဲ့ပါသည်။

ထိုနေရာတွင် ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှစတင်၍ မြေသန့်ခြင်းစသော တက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပါသည်။ ၁၃၄၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ၁၉၈၃ ခုနှစ်၊ မတ် ၁၇ ရက်မှ စတင်ကာ သိမ်တော်ကြီးတည်ဆောက်ရန်အတွက် သိမ်နှတ်ခြင်းစသော ကိစ္စရပ်များကို ဆောင်ရွက်တော်မူသည်။ တပေါင်းလပြည့်ကျော် ၆ ရက်၊ (၁၉၈၆ ခုနှစ်၊ မတ် ၃၁ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့သော သိမ်တော်ကြီး အစရှိသော သာသနိကအဆောက်အအုံများအား သမ္ဗဒါန်ထားကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား ဝေါပကရက္ခကအဖြစ် လွှဲအပ်လှူဒါန်းပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ကို ၁၃၄၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ၁၉၈၆ ခုနှစ်၊ ဇွန် ၂၃ ရက်တွင်လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ကို ၁၃၄၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ၁၉၈၆ ခုနှစ်၊ ဩဂုတ် ၂၁ ရက်တွင်လည်းကောင်း အသီးသီး ဖွင့်လှစ်တော်မူခဲ့ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ (ပထမအကြိမ်)ဘွဲ့နှင်းသဘင်ကို ၁၃၅၆ ခုနှစ်၊ နတ်တော်လပြည့်နေ့ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသဏလိုဏ်ဂူကြီး၌ ခမ်းနားစည်ကားစွာ ကျင်းပခဲ့ပါသည်။ ထိုဘွဲ့နှင်းသဘင်၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သာသနတက္ကသီလဓမ္မာစရိယ(B.A, Buddhism)ဘွဲ့ရဟန်းတော် ၁၆ ပါး၊ သာသနာ့တက္ကသီလ၊ မဟာဓမ္မာစရိယ(M.A, Buddhism) ဘွဲ့ရ ရဟန်းတော် ၂၄ ပါး ပါဝင်ခဲ့ပါသည်။

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၂၆ ရက်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ပွဲကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ တက္ကသိုလ်နှစ်ခု အတူပူးပေါင်းလျက် ကျင်းပခဲ့ပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ အနှစ်သုံးဆယ်ပြည့် ပုလဲရတုအထိမ်းအမှတ်ပွဲကိုလည်း ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၃၊ ၄၊ ၅)ရက်၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ (၂၊ ၃၊ ၄) ရက်တို့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မဟာဘွဲ့နှင်းဓမ္မာရုံပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သည် ၁၃၄၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သဖြင့် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ရက် ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၉ရက်တွင် အနှစ်လေးဆယ်ပြည့်တော့မည်ဖြစ်ပါသည်။

**အဘိုးကြီးအို ခါးကုန်းကုန်း**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သည် မကြာမီကာလ(သုံးလခန့်)အတွင်းတွင် အနှစ်လေးဆယ်ပြည့်တော့မည်ဖြစ်သည်။ ထိုအနှစ်လေးဆယ်ပြည့်အခမ်းအနားကိုလည်း ငွေရတု၊ ပုလဲရတု အခမ်းအနားများကဲ့သို့ပင် စည်ကားသိုက်မြိုက်စွာ ကျင်းပလိမ့်မည်ဟု ထင်မြင်ယူဆမျှော်လင့်မိပါသည်။

ထိုနည်းတူ မြန်မာသက္ကရာဇ် ၁၃၉၈ ခုနှစ်၊ ခရစ်နှစ် ၂၀၃၆ ခုနှစ်အတွင်း အမျိုးဘာသာ၊ သာသနာနှင့် တိုင်းပြည်လူမျိုးတို့ကို ချစ်မြတ်နိုးကြသော အနာဂတ်လူငယ်များက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ ရွှေရတုအထိမ်းအမှတ်ပွဲကို ဦးဆောင်ကျင်းပလိမ့်မည်ဟုလည်း မဝံ့မရဲ ထပ်ဆင့်မျှော်လင့်မိပါသည်။ ထိုအချိန်တွင် အသက် ၈၂ နှစ်ရှိ ခါးကုန်းကုန်း သည်အဘိုးကြီးလည်း ထိုပွဲသို့ တောင်ဝှေးထောက်၍ တက်ရောက်ချင်လိုက်စမ်းပါဘိ။ ။

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား လေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့်ဝင်ရောက်နေခဲ့သည့်တရုတ်နိုင်ငံသားလေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၁၂ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၄၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၇ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ နှစ်လုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၅၈ လုံးဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၁၂

အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင် သုံးထပ်လူနေအဆောက်အအုံ နှစ်လုံးကို ထပ်မံ၍စနစ်တကျဖြိုချဖျက်ဆီးခဲ့သည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ် လူနေအဆောက်အအုံ နှစ်လုံးကို ယာဉ်၊ ယန္တရားများ အသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၅၈ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ၁၉ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လယ်ဝေးမြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုး၊ မိုးညှင်းမြို့နယ်၌ ငွေကျပ် ၁၆၂ သိန်းတန်ဖိုးနှင့် ညောင်တုန်းမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၂

လယ်ဝေးမြို့နယ်တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုး၊ မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၁၆၂ သိန်းတန်ဖိုးနှင့် ညောင်တုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၇ ရက် ညနေ ၅ နာရီတွင် သတင်းအရ လယ်ဝေးမြို့နယ် ကြာကန်ကျေးရွာအနီးတွင် တောင်ငူမြို့ (၁၀)ရပ်ကွက်နေ မြင့်သူ(၅၅)နှစ် မောင်းနှင်လာသော MITSUBISHI OUTLANDER အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၀၀) သိမ်းဆည်းရမိသဖြင့် မြင့်သူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူဇွန် ၉ ရက် နံနက် ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုးညှင်းမြို့နယ် နန့်စီးအောင်ရွာအနီး၌ မိုးကောင်းမြို့နယ် ပဲခူးစုရွာနေ သန်းနိုင်ဦး(၃၂)နှစ် မောင်းနှင်ပြီး အင်းတော်မြို့နယ် ပေကုန်းရွာနေ အောင်မြင့်ထွန်း(ခ)ထွေးပို(၄၈)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၆၂ သိန်း) သိမ်းဆည်းရမိသဖြင့် သန်းနိုင်ဦးနှင့် အောင်မြင့်ထွန်း(ခ) ထွေးပိုတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ ဇွန် ၁၁ ရက် နံနက် ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ညောင်တုန်းမြို့နယ် အရွဲကျေးရွာအနီးတွင် ရန်ကုန်မှ ဖျာပုံသို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည် လှိုင်သာယာမြို့နယ် (၉)ရပ်ကွက်နေ ထက်မြတ်ကျော်(၂၂)နှစ် သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀၀) သိမ်းဆည်းရမိသဖြင့် ထက်မြတ်ကျော်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူ သန်းနိုင်ဦးနှင့် အောင်မြင့်ထွန်း(ခ)ထွေးပိုတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၀)၊ ဦးပိုင်နံပါတ်(၁၅)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (ပေ ၆၀ × ၄၅ ပေ)အကျယ်အဝန်းရှိ ဦးထွန်းအောင် အမည်ပေါက် ဂရန်မြေကွက်၏မြောက်ဘက်ခြမ်း(ပေ ၃၀ × ၄၅ ပေ)ထဲမှ တောင်ဘက်ပိုင်း(၁၅ ပေ × ၄၅ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းသင်းငွေ(ဘ)ဦးအောင်ဆန်း(၅/ဆလက(နိုင်)၀၇၁၃၉၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၃)၊ ဦးပိုင်နံပါတ်(၅၁)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်မမြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းသင်းနွယ်(ဘ)ဦးမောင်မောင်(၁/မညန(နိုင်)၀၃၁၅၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(နန-၂၉)၊ ဦးပိုင်နံပါတ်(၂၃)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးထွန်းဇော် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရွှေစင်ဝင်း(ဘ)ဦးချိုတူး(၉/ပကခ(နိုင်)၀၁၉၃၆၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၄)၊ ဦးပိုင်နံပါတ်(၄၂)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးရှိန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်ခြမ်း(၂၆ ပေ × ပေ ၄၀)နှင့်ကပ်လျက် တောင်ဘက်ပိုင်း(၁၀ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြင့်ငွေ(ဘ)ဦးမောင်ရွှေ(၃/လဘန(နိုင်)၀၃၅၅၅၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၅၉၀၄၅၄၈၀**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၀၅)၊ ဦးပိုင်အမှတ်(၇၈/၁)၊ မြေကွက်ပေါ်တွင် ဦးစိုင်းဆမ်(ပါ-၄) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၂၈၃၉၀)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**အသက် သည် သွေး သွေး သည် အသက်။**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၄၉၄/ဘူးကုန်း)၊ ဦးပိုင်အမှတ်(၃၃/၃)၊ ဧရိယာ(၁ ဒသမ ၅၀)ဧက အကျယ်အဝန်းရှိ ဦးမြင့်ကျော် အမည်ဖြင့် ပုံစံ(၇)ချထားရရှိသော လယ်မြေကွက်၊ မြေကွက်အမှတ်(A-5)၊ ဧရိယာ အရှေ့နောက်(တောင်) ၁၄ ပေ (တောင်လှည့်)၊ အရှေ့အနောက်(မြောက်) ၁၉ ပေ၊ တောင်မြောက်(အရှေ့)ပေ ၃၀၊ တောင်မြောက်(အနောက်) ၂၅ ပေ၊ အကျယ်အဝန်းရှိ လယ်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ၊ အဝီစိတွင်း၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်+နိုတြီအထွေထွေကိုယ်စားလှယ်ပါဝါတို့ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှိုင်မိုးမိုးလွင်(အဘ)ဦးစိုးရွှေ(၉/အမဇ(နိုင်)၀၅၇၂၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက်၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝင်းသန့် (LL.M) တရားလွှတ်တော်ရှေ့နေ**
**၃၅(အေ)လမ်း၊ ၆၉လမ်းနှင့် လမ်း၇၀(အေ)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၇၇၇၇၈၈၈၆၆၊ ၀၉-၆၆၉၉၉၃၇၈၆၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၇၇၅၅၆၆၇၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဦးပိုင်အမှတ်(၃)၊ မြေဧရိယာ(၀ ဒသမ ၀၂၉၉)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ် အဆောက်အအုံ၊ ဆိုလာ၊ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ၊ ရေသန့်စက်၊ ရေပူ-ရေအေးစက်၊ ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိအမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်း ရောင်းချခွင့်ရှိသူ ဒေါ်သီဂီဝင်း(ဘ)ဦးကြိမ်ဝင်းစိန်(၁၃/နခန(နိုင်)၀၃၇၂၆၄)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သူစာအောင် (LL.B)** | **ဒေါ်ငွေးစုသင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၇၄/ ၂၀၁၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၁၁/ ၂၀၁၉)** |

**အမှတ်(၄၀)၊ ၃၁လမ်း၊ ၆၈လမ်းနှင့် ၆၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၀၁၉၆၁၃၊ ၀၉-၄၃၁၆၁၇၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီးကျေးရွာအုပ်စု၊ သုံးအိမ်ကျေးရွာအတွင်းရှိ စံပယ်ခြံ ရွာမြေဟုခေါ်တွင်သော လားရာအရပ်မှာ-အရှေ့လားသော် ဦးဝင်းသူမြေအစပ်၊ အနောက်လားသော်-ဒေါ်စိန်စိန်မြေအစပ်၊ တောင်လားသော်-ဦးစိုးသူမြေအစပ်၊ မြောက်လားသော်-လမ်းမြေအစပ် စသည့်နယ်လေးရပ်အတွင်း တည်ရှိသည့် အရှေ့-အနောက်(ပေ ၄၀)၊ တောင်-မြောက်(ပေ ၁၃၀)၊ ဧရိယာ(၀ ဒသမ ၁၁၉)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ကြည်ကြည်စန်း(ဘ)ဦးအောင်ရှင်(၉/မနတ(နိုင်)၀၀၀၇၇၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကိုကို(LL.B)** | **ဦးဆန်းဝေယံမင်းခန့်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၄၅၉၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၅၀)** |

**၁၀၇(အေ)၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၉၆၁၅၃၉၃၉၄၊ ၀၉-၄၀၀၈၁၆၆၅၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၅၅(C)လမ်း၊ ၁၂၇လမ်းနှင့် ၁၂၈လမ်းကြား၊ အကွက်(ထထ-၃၅)၊ အိမ်အမှတ်(၆)နေ (အဘ-ဦးကျော်စိန်)နှင့် အမိ ဒေါ်မမကြီး(၉/မနတ(နိုင်)၀၈၂၈၈၈)တို့၏သား ကိုနွယ်မင်း(၉/မနတ(နိုင်)၀၀၄၄၀၃)သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိဘဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ခြင်းများကြောင့် သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မိမိတို့နှင့် (လုံးဝ)သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အမိ ဒေါ်မမကြီး(၉/မနတ(နိုင်)၀၈၂၈၈၈)**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၀၅)၊ ဦးပိုင်အမှတ်(၇၉)၊ မြေကွက်ပေါ်တွင် ဦးစိုင်းဆမ်(ပါ-၄) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၂၈၃၉၀)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ခ/၅)၊ ဦးပိုင်အမှတ်(၁၆၈-က)၊ မြေကွက်ပေါ်တွင် ဒေါ်လီလီအေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ဗမန(ပြု)၀၀၀၁၃၄)က SS(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၇)၊ ဦးပိုင်အမှတ်(၁၀၄-က)၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ဇင်မောင်မောင်(၇/ပခန(နိုင်)၃၁၅၆၉၁) က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်(ယ-၃/၇၈)နေ ဒေါ်ကြည်ကြည်ဝင်း(ဘ)ဦးထွန်းရှိန်(၉/မရမ(နိုင်)၀၅၆၀၆၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ကံရွာ၊ အကွက်အမှတ်(၈၆၈)၊ ဧရိယာ ပေ(၂၀×၅၀)အကျယ်အဝန်းရှိ မြေကွက်နှင့် နံကပ်နှစ်ထပ်အဆောက်အအုံကို ဒေါ်ခင်တုတ်၊ ဒေါ်မာလာထွေးနှင့် ဒေါ်ယဉ်ယဉ်အေးတို့မှ ပိုင်ဆိုင်ပြီး၊ အဆိုပါမြေကွက်နှင့်ပတ်သက်သော အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ဝင်း၏ လက်ဝယ်၌ရှိပါသည်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ကံရွာ၊ အကွက်အမှတ်(၈၆၈)၊ ဧရိယာ ပေ(၂၀×၅၀)အကျယ်အဝန်းရှိ မြေကွက်နှင့် နံကပ်နှစ်ထပ်အဆောက်အအုံအား ဒေါ်ကြည်ကြည်ဝင်း ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့်ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဒေါ်ကြည်ကြည်ဝင်း(ဘ)ဦးထွန်းရှိန်**
**(၉/မရမ(နိုင်)၀၅၆၀၆၉)**

**လွှဲအပ်ချက်အရ-**
**ဒေါ်မျိုးသီရိနိုင်**
**အထက်တန်းရှေ့နေ(စဉ်-၅၄၂၃၃)**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၇၈၃၂၄၈၃၁၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၂)၊ ဦးပိုင်နံပါတ်(၁၆-ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀.၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးဝင်းမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဥမ္မာစမ်း(ဘ)ဦးစင်းချိန်(၁/မကတ(နိုင်)၀၉၀၆၂၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း(LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၉)၊ ဦးပိုင်နံပါတ်(၈၉)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဒေါ်ထွေးထွေးနှင့် ဦးအောင်ကျော်မိုးတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အနောက်ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးခွန်နောင်စိုး(ဘ)ဦးစိုးနိုင်(၉/ပမန(နိုင်)၁၄၃၈၀၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဓ)ရပ်ကွက်၊အကွက်အမှတ်(နန-၃၁)၊ ဦးပိုင်နံပါတ်(၅၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၅၅၁)ဧက၊(၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးဖော်ခင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း(၄၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်ထဲမှ မြောက်ဘက်ပိုင်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန်းမြင့်ရီ(ဘ)ဦးမောင်ကို (၉/မခန(နိုင်)၀၂၈၉၄၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၄)၊ ဦးပိုင်နံပါတ်(၂၇)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဦးသန်းနိုင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသက်ပိုင်(ဘ)ဦးရိုးကျိန်ထင်(၁၃/ကခန(နိုင်)၁၁၆၈၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၅)၊ ဦးပိုင်နံပါတ်(၄၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၂၇၅)ဧက၊(၃၀×၄၀)ပေအကျယ်အဝန်းရှိ ဦးမြင့်စိန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အနောက်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သီတာမြင့်(ဘ)ဦးလီကျင်းလင်(၁၃/လရန(နိုင်)၁၁၇၀၉၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း(LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၅)၊ ဦးပိုင်နံပါတ်(၅၈)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးကျော်ငွေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြဝင်း(ဘ)ဦးမောင်တင်(၉/မရတ(နိုင်)၀၉၇၇၄၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၃)၊ ဦးပိုင်နံပါတ်(၂၈)ဟုခေါ်တွင်သော မြေဧရိယာ(၀.၀၅၅၁)ဧက၊(၆၀×၄၀)ပေအကျယ်အဝန်းရှိ ဦးစိုးမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံး(၂၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြင့်စန်း(ဘ)ဦးချစ်မောင်(၉/မနတ(နိုင်)၀၂၈၂၄၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၂)၊ ဦးပိုင်အမှတ်(၁၁၆-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၆) ဧက အကျယ်အဝန်းရှိ ဒေါ်မြို့ရီ အမည်ပေါက် ဂရန်မြေကွက် ဧရိယာ ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်မြို့ရီ(ဘ)ဦးသိန်းဖေ(၉/မရတ(နိုင်)၀၈၉၈၂၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းနိုင်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ဟေမာဇလရပ်ကွက်၊ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၁၃၁၉၉**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မိုင်းခတ်မြို့၌ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် တောင်သာဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မိုင်းခတ်ခရိုင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း

စာမျက်နှာ ၉ သို့ ☆



မိုင်းခတ်မြို့တွင် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ၂၃၀ ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံတွင် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားပိတ်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးပန်ကြားချက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများ၊ Main ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများအား ထိန်းသိမ်းပြုပြင်ခြင်း၊ ချို့ယွင်းပစ္စည်းများ အစားထိုးလဲလှယ်ခြင်းနှင့် အသစ်တိုးချဲ့တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၃၀ ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံရှိ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၆၀ အမ်ဗွီအေ Main ထရန်စဖော်မာနှင့် ဆက်စပ် Switchbay (ဆွဒ်ဘေး) ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအား ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၃) ရက်နေ့၊ (၁၂:၀၀) နာရီမှ (၁၅:၀၀) နာရီအထိ အချိန် (၃) နာရီကြာခန့် ယာယီဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါထရန်စဖော်မာမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ သာဝတ္တိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ရှိ ရပ်ကွက်နှင့်ကျေးရွာအချို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# ရက်(၁၀၀)စီမံချက်ဖြင့် ကတ္တရာလမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်လျက်ရှိ

**မန္တလေး ဇွန် ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် မြို့သာယာလှပရေးအတွက် ကတ္တရာလမ်းခင်းခြင်းနှင့် ရေမြောင်းများ(Precast)၊ လမ်းကာတုံးများနှင့် ပလက်ဖောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် အောင်မြေသာစံမြို့နယ်အတွင်း ၁၂ လမ်း(ငွေတချောင်း)နှင့် ၆၆ လမ်းကြား၊ ရေမြောင်းများ (Precast U Drain နှင့် Precast Box Calvent တပ်ဆင်ခြင်းလုပ်ငန်းကို မေ ၅ ရက်မှ စတင်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ Precast U Drain များ တပ်ဆင်ခြင်းနှင့် မြောင်းဖုံးများ တပ်ဆင်ခြင်း လုပ်ငန်းများကို လည်းကောင်း၊ ရွှေတချောင်းဘေး (အတွင်းလမ်း) ၈လမ်းနှင့် ၁၂ လမ်းကြား ကတ္တရာလမ်းခင်း ခြင်း လုပ်ငန်းကို မေ ၂ ရက်ကစတင်ဆောင်ရွက်နေရာ စက်ကြိတ်ခြင်း၊ ကတ္တရာလောင်းခြင်းနှင့် ကျောက်သေးဖြန့်ခင်းခြင်း လုပ်ငန်းကို လည်းကောင်း၊ ၆၂ လမ်း၊ ၁၆ လမ်းနှင့် ၁၉ လမ်းကြား အရှေ့ဘက်ခြမ်း အုတ်ရေမြောင်းမြှင့်ခြင်း၊ လမ်းကာတုံး၊ ပလက်ဖောင်း၊ မြောင်းဖုံးများ ဆောင်ရွက်ခြင်းလုပ်ငန်းများကို မေ ၄ ရက်တွင် စတင်ဆောင်ရွက်နေရာ ပလက်ဖောင်းလောင်းခြင်းနှင့် အုတ်ရိုးမြှင့်စီထားသော လုပ်ငန်းများကိုလည်းကောင်း၊ ၅၈ လမ်း၊ ၁၉ လမ်းနှင့် ၂၂ လမ်းကြား အနောက်ဘက်ခြမ်း Precast U Drain နှင့် Precast Box Calvent တပ်ဆင်ခြင်းနှင့် ၅၈ လမ်း၊ ၂၂ လမ်းနှင့် ၂၆ လမ်းကြား အရှေ့ဘက်အုတ်ရေမြောင်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပလက်ဖောင်းလောင်းခြင်းနှင့် အုတ်မြို့ရိုးမြှင့်စီခြင်း G-25 Precast U Drain တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ၁၂ လမ်း၊ ၆၆ လမ်းနှင့် ၇၃ လမ်းကြား လမ်းကာတုံး၊ ပလက်ဖောင်းရေမြောင်းနှင့် အထွေထွေဆောင်ရွက်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ၁၂ လမ်း၊ ၆၆ လမ်း၊ ၇၁ လမ်းကြား (ကျုံးဘက်ခြမ်း) အုတ်ရေမြောင်း ပြုပြင်ခြင်းလုပ်ငန်းကို လည်းကောင်း အသီးသီးဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ စံချိန်စံညွှန်းမီဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ဌာနမှူး ဦးစိုးနှင်းသိန်း၊ ဒုတိယဌာနမှူး ဒေါ်သွယ်နှင်းအောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနက မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ မြို့တော်သာယာလှပဖွံ့ဖြိုးရေးအတွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း လုပ်ငန်း ၂၇ ခုကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းလုပ်ငန်း ကိုးခု၊ ရေမြောင်း၊ ပလက်ဖောင်းလုပ်ငန်း ၁၈ ခုကို ဇူလိုင်လအတွင်းအပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**(မန္တလေးနေ့စဉ်-၆)**

# ချင်းလန်း(ယူ-၂၀) အသင်းကို ဂိုးပြတ်အနိုင်ယူပြီး နိုင်ပွဲဆက်ခဲ့သည့် ရန်ကုန်ယူနိုက်တက် (ယူ-၂၀) အသင်း

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်ယူနိုက်တက်လူငယ်အသင်း၏ MNL Youth (U-20) League Week (4) အဖြစ် ချင်းလန်း လူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန် လူငယ်အသင်းအတွက် အဖွင့်ဂိုးကိုပွဲစစချင်း (၅) မိနစ်တွင် ထူးဝဏ္ဏက သွင်းယူပေးခဲ့သည်။ ရန်ကုန်လူငယ် အသင်းသည် ချင်းလန်းလူငယ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး ဒုတိယဦးဆောင်ဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် ကောင်းမြတ်အောင်က သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်လူငယ်အသင်းမှ မနားတမ်းတိုက်စစ်ဆင်ကစားခဲ့ပြီး ၆၅ မိနစ်တွင် လမင်းပြည့်စုံက ရန်ကုန်လူငယ်အသင်းအတွက် တတိယဦးဆောင်ဂိုးကို သွင်းယူပေးခဲ့သည်။ ထို့နောက် ချင်းလန်းအသင်းက ချေပဂိုးရရှိခဲ့ပြီး ၆၄ မိနစ်တွင် ကြည်ခန့်သားက သွင်းယူပေးခဲ့သည်။ ချေပဂိုးပေးရပြီးချိန်တွင် ရန်ကုန်လူငယ်အသင်းမှ တိုက်စစ်မြှင့်တင်ကစားခဲ့ပြီး ပွဲချိန် ၈၉ မိနစ်တွင် ရန်ကုန်လူငယ်အသင်း၏ ပြစ်ဒဏ်ဘောကန်ချက်ကို ချင်းလန်းလူငယ်ကစားသမား ပြည့်စုံမင်း တားဆီးရာမှ ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့ပြီး ရန်ကုန်လူငယ်အသင်းအတွက် စတုတ္ထဂိုးဖြစ်စေခဲ့သည်။ ရန်ကုန်လူငယ်အသင်းအတွက် ပွဲသိမ်းအနိုင်ဂိုးကို ဖြိုးဝဏ္ဏစိုးက ၉၃ မိနစ်တွင် သွင်းယူပေးခဲ့ကာ ပွဲပြီးဆုံးချိန်တွင် ရန်ကုန်လူငယ်အသင်းက ငါးဂိုး၊ တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက် (ယူ-၂၀) အသင်းသည် လက်ရှိတွင် လေးပွဲကစား၊ သုံးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၀ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေပြီး လာမည့် ဇွန် ၂၀ ရက်တွင် ရတနာပုံ (ယူ-၂၀) အသင်းနှင့် တောင်ဒဂုံကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(NGB)

